# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်၊ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၂)၊ အမှတ်(၈၁)


**လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကိုဖြည့်ဆည်း**

ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ပေးထားသည့် အချိန်ကာလထက် ဖြစ်နိုင်သမျှ စော၍ပြီးစီးအောင် ကြိုးကြိုးစားစား ဆောင်ရွက်၍ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးသွားရန်လို။

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကမ္ဘာ့အကြီးစားစာရင်းဝင် ကွန်ကရစ်တမံရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းစစ်ဆေး လုပ်ငန်းများစောပြီးစီးအောင်ဆောင်ရွက်၍ လျှပ်စစ်ဓာတ်အားလိုအပ်ချက် ဖြည့်ဆည်းပေးရန်မှာကြား စီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၉၀ ထုတ်ယူရရှိနိုင်မည်

**ရန်ကုန်  ဒီဇင်ဘာ  ၁၉**

မန္တလေးတိုင်း ပြင်ဦးလွင်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီခွဲတွင် ရဟတ်ယာဉ်များဖြင့် ပြင်ဦးလွင်မြို့မှ မန္တလေးမြို့ အရှေ့တောင်ဘက် ၃၁ မိုင်အကွာ မြစ်ငယ်မြစ်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေးက တာဝန်ယူတည်ဆောက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ် စီမံကိန်းသို့ ရောက်ရှိသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✡



နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။(သတင်းစဉ်)



**နိုင်ငံတော် ပွဲစည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)

# ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက် ပြည်တွင်းမှ စက်မှုကုန်ကြမ်းများကို အပြည့်အဝအသုံးချ

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေး အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးကိုအခြေခံပြီး အခြားစီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာ၌ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် ကိုယ့်ခွန် ကိုယ့်အားဖြင့် တီထွင်ကြံဆ ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဒီဇင်ဘာလ ၁၆ရက်နေ့က မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃)သတ္တုတွင်းလုပ်ငန်း အမှတ် (၁)သံနှင့်သံမဏိစက်ရုံသို့ သွားရောက်ပြီးတာဝန်ရှိသူများအား လမ်းညွှန်မှာကြားရာ၌-

**"ကုန်ထုတ်လုပ်မှုတိုးတက်မှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုမြင့်မား တိုးတက်အောင် ကြိုးပမ်းအားထုတ်ကြရန် ဖြစ်ကြောင်း၊ စက်ရုံ၏ ကုန်ထုတ်လုပ်မှုတိုးတက်အောင် ကြိုးပမ်းရင်း နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်နေသော သံထည်ပစ္စည်းများ ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကြိုးပမ်းအားထုတ်ကြရမှာဖြစ်ကြောင်း"**

မိန့်ကြားသွားသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာ၌ တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ ဖြန့်ကြက်တည်ဆောက်လျက် ရှိသည်။ ယင်းကဲ့သို့ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မရှိမဖြစ်လိုအပ်သည့် သံထည်ပစ္စည်းများကို နိုင်ငံအတွင်းရှိ သဘာဝ သယံဇာတများမှ ရှာဖွေဖော်ထုတ်ပြီး တည်ဆောက်ရေးလုပ်ငန်းများအတွက် ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ပြင်ဦးလွင်မြို့နယ်ရှိ အမှတ်(၁) သံမဏိစက်ရုံသည် ၂၀၀၄ခုနှစ် ဒီဇင်ဘာလမှစတင်၍ သံစိမ်း၊ သံမဏိ တစ်နှစ်လျှင်တန်ချိန် ၂၅၀၀၀အထိ တိုးမြှင့်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ပြည်ပမှကုန်ပစ္စည်း မှာယူတင်သွင်းရမှု လျော့နည်းသက်သာပြီး ပြည်တွင်းလိုအပ်ချက်ကို ပြည်တွင်းမှာပင် ဖြည့်ဆည်းပေးနိုင်သဖြင့် နိုင်ငံခြားငွေ ကုန်ကျမှု လျော့နည်းသက်သာစေမည် ဖြစ်သည်။ ထို့အပြင် မန္တလေး၊ မုံရွာနှင့် တောင်ကြီးစက်မှုဇုန်များသို့ သံစိမ်းများ တင်ပို့ရောင်းချနိုင်ကာ နိုင်ငံတော်၏ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်သည်။

သံနှင့်သံမဏိစက်ရုံတွင် ကျောက်မီးသွေး၊ သံကျောက်၊ သံနှင့် သံမဏိများစုဆောင်း ရရှိထားပြီး ကုန်ထုတ်လုပ်မှု တိုးတက်စေရန် တီထွင်ကြံဆ ကြိုးပမ်းလုပ်ဆောင်လျက် ရှိသည်။

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သောစက်မှုကုန်ကြမ်းများ ဖြည့်ဆည်းပေးမှသာ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်သဖြင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ယခုကဲ့သို့ အလေးထား စီမံဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။

ဤကဲ့သို့ စက်မှုကုန်ကြမ်းများ နိုင်ငံတော်ပိုင်၊ ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံများက လုံလောက်စွာ ရရှိခြင်းဖြင့် စက်ရုံ၊ အလုပ်ရုံမှ ထွက်ရှိသော ကုန်ချောပစ္စည်းများ ဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချနိုင်မည်ဖြစ်ရာ မိမိတို့၏ ကုန်ပစ္စည်းများကို သမားရိုးကျ ထုတ်လုပ်၍မနေဘဲ အစဉ်အမြဲ ဆန်းသစ်နေရန် တီထွင်ကြံဆ ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဖြစ်ပေါ်လာရေးအတွက် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်တွင်းမှကုန်ကြမ်းပစ္စည်းများကို အပြည့်အဝ အသုံးချ၍ အားကြိုးမာန်တက် ကြိုးပမ်းလုပ်ကိုင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ကွမ်းမိုးဒိန်းစံပြကျေးရွာနှင့် ညောင်ပင်ကွင်းကျေးရွာ အခြေခံပညာကျောင်းများ ဝန်ကြီး ဦးသန်းအောင်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း ကြည့်ရှုစစ်ဆေး စာရေးကိရိယာနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုတိပ်ခွေနှင့် စီဒီခွေများပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၁၉

**ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ၁၇ ရက် နံနက်ဇနာရီက ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာသို့ရောက်ရှိ၍ သာသနဇောတိကမဏ္ဍာရုံ၌ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောသလ္လာဘိဝံသအား ဖူးမြော်ကြည်ညိုပြီး သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများကို လျှောက်ထားသည်။**

### ဆက်ကပ်လှူဒါန်း

ထိုမှတစ်ဆင့် ဆရာတော်၊ ဝန်ကြီးများနှင့်အဖွဲ့သည် ဆရာတော် ဘဒ္ဒန္တကောသလ္လာဘိဝံသ ဦးဆောင် ဆောက်လုပ်ထားသော ဓိဝပါလဆေးခန်းနှင့်ဓမ္မပါလစာကြည့်တိုက်တို့ကို ကြည့်ရှုလေ့လာကြပြီး အဆိုပါ စာကြည့်တိုက်အတွက် စာအုပ်စာတမ်းများကို မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမြင့်ဟန်က ဆရာတော် ဘဒ္ဒန္တကောသလ္လာဘိဝံသအား ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဆရာတော်၊ ဝန်ကြီးများနှင့်အဖွဲ့သည် ကွမ်းမိုးဒိန်း အခြေခံပညာ အလယ်တန်းကျောင်းသို့ ရောက်ရှိပြီး သင်ကြားသင်ယူနေမှုများကို လှည့်လည်ကြည့်ရှုသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ တွေ့ဆုံပွဲ အခမ်းအနားကို အဆိုပါကျောင်းခန်းမ၌ကျင်းပရာမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဦး၊မြို့နယ်ပညာရေးမှူး ဦးတင်မန်း၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်ဦးနှင့် ဒေးပေါက်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ကျောင်းအုပ်ဆရာကြီး ဦးကျော်တင့်တို့က ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

### ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီးဦးသန်းအောင်က နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသည့် ပညာရည်မြင့်မားရေးဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ခရမ်းမြို့နယ် ပညာရေးဆိုင်ရာလုပ်ငန်းများတွင် ကူညီပံ့ပိုးဆောင်ရွက်ပေးမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

### ပေးအပ်

ထို့နောက် ဝန်ကြီးဦးသန်းအောင်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့က ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးစာရေးကိရိယာများနှင့် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာ အသံသွင်းတိပ်ခွေများနှင့် စီဒီခွေများကို ပေးအပ်ရာ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသား ကျောင်းသူများက လက်ခံယူကြသည်။

### ညောင်ပင်ကွင်းကျေးရွာ

ထိုမှတစ်ဆင့် ဝန်ကြီးများနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ခရမ်းမြို့နယ် ညောင်ပင်ကွင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ရောက်ရှိပြီး ကျောင်းဆောင်များနှင့် သင်ကြားသင်ယူနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းဆောင်သစ်ဆောက်လုပ်ရေးအတွက် ဖြည့်ဆည်းပေးသည်။

ထို့နောက် ကျောင်းရုံးခန်း၌ ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမများနှင့် တွေ့ဆုံပြီး ပညာသင်ကြားရေးလုပ်ငန်းများကို ဝါယမစိုက် သင်ကြားရန် မှာကြားသည်။

ဆက်လက်၍ တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ၏ သင်ကြားမှု၊ စစ်ဆေးမှု၊ တတ်မြောက်မှု၊ ကစားသင်ကြားမှုများနှင့် စပ်လျဉ်း၍ ကျောင်းအုပ်ကြီးနှင့်ဆရာ၊ဆရာမများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဦးသန်းအောင်က ကျောင်းသုံးစာရေးကိရိယာနှင့် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာ အသံသွင်းတိပ်ခွေနှင့် စီဒီခွေများကိုပေးအပ်ရာ ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းသား ကျောင်းသူများက လက်ခံယူကြသည်။ **(သတင်းစဉ်)**



**အင်းစိန်မြို့ ဖော့ကန်ရပ်ကွက် အောင်ဇေယျလမ်း အဘထမ္မရိပ်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသံယမ အဘထက မာလာရာမကွက်သစ်ကျောင်းတိုက် ကွက်သစ်ရပ်ကွက်အင်းစိန်မြို့နယ်ရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဥက္ကဋ္ဌ ဦးမြသင်း၊ အတွင်းရေးမှူး ဦးကျော်သန့်နှင့် ဘဏ္ဍာရေးမှူး ဦးမြင့်ရှိန်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ဆက်ကပ်စဉ်။** (က-ပ)

## မြဝတီရုပ်မြင်သံကြား

၂၀-၁၂-၂၀၀၄ (တနင်္လာနေ့)

### နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

### ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၅ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် ဥပဒေပညာအထူးပြု (ပထမနှစ်) Sources of Law
- ၅:၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပင်လယ်ကြီးလောက်ချစ်တယ်"** (အပိုင်း-၂၆)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ မေးမြန်းစူးစမ်း
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိန်းငှက်သူရဲကောင်း"** (အပိုင်း-၂၈)

# စီးပွားရေးတက္ကသိုလ် နှစ်(၄၀)ပြည့် ပတ္တမြားရတုအထိမ်းအမှတ်ကျင်းပ ပညာရေးဝန်ကြီးဌာနဝန်ကြီးဦးသန်းအောင်တက်ရောက်ချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၁၉

**ရန်ကုန်စီးပွားရေးတက္ကသိုလ် တည်ထောင်သောနေ့ နှစ်(၄၀)ပြည့် ပတ္တမြားရတု အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့ညနေ ၆ နာရီတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် မြက်ခင်းပြင်၌ကျင်းပရာ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင် တက်ရောက်ချီးမြှင့်သည်။**

အဆိုပါ ပတ္တမြားရတု အထိမ်းအမှတ်အခမ်းအနားသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးညွန့်၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ဆရာ ဆရာမများ၊ အငြိမ်းစားယူပြီးသော ဆရာ ဆရာမကြီးများ၊ မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်းဝင် ကျောင်းသား ကျောင်းသူဟောင်းများ၊ အထူး ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်စီးပွားရေးတက္ကသိုလ် အခန်း(၈)၌ ပြသထားသော ပတ္တမြားရတု အထိမ်းအမှတ် ဓာတ်ပုံပြပွဲကို ကြည့်ရှုလေ့လာသည်။

ထို့နောက် အထိမ်းအမှတ်အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်က အမှာစကားပြောကြားပြီး ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဦးကံဇော်နှင့် မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း ဥက္ကဋ္ဌ ဦးစိုးတင့်အောင်တို့က ပတ္တမြားရတုကျင်းပရေးဆိုင်ရာ ကိစ္စများကို ရှင်းလင်းတင်ပြသည်။

## ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ဆက်လက်၍ ဝန်ကြီးနှင့် ဒုတိယဝန်ကြီး၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ်နှင့် မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်းဥက္ကဋ္ဌတို့က ရန်ကုန်စီးပွားရေးတက္ကသိုလ် ပတ္တမြားရတုအထိမ်းအမှတ် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အခမ်းအနားတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် မျိုးဆက်သစ်၊ မျိုးဆက်ဟောင်း ပေါင်းကူး အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင် ရန်ကုန်စီးပွားရေး တက္ကသိုလ် ပတ္တမြားရတုအထိမ်းအမှတ် အလှူရှင်ဦးကျော်ဝင်းအား ဂုဏ်ပြုလက်မှတ် ချီးမြှင့်စဉ်။** (သတင်းစဉ်)

## ကြေးသွန်းဘုရားဗုဒ္ဓပူဇနီယပွဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မဟာဇေယျအတုလမာရဇိန်ကြေးသွန်းဘုရားကြီး၏ အကြိမ်(၉၀)မြောက် ဗုဒ္ဓပူဇနိယပွဲတော်၊ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲဖွင့်ပွဲကို ယနေ့နံနက် ၅ နာရီက ကျင်းပသည်။

ဒီဇင်ဘာ၁၉ရက်မှ ၂၃ရက်အထိ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပြီး ပဋ္ဌာန်းအောင်ပွဲ ဓမ္မပူဇာအဖြစ် ဒီဇင်ဘာ ၂၃ရက် ည ၇ နာရီတွင် ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယော)ဆရာတော်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များချီးမြှင့်မည်ဖြစ်သည်။

ဒီဇင်ဘာ၂၆ရက်ညနေ၃နာရီတွင် ဘုရားအမှူးပြု၍ ပင့်သံဃာ၁၂၉ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

# ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ နည်းစနစ်တိုးမြှင့်ဆောင်ရွက် MRTV- 4 တိုးချဲ့ထုတ်လွှင့်ရေး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းမှာကြား

ရန်ကုန် ဒီဇင်ဘာ ၁၉

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ သွားရောက်၍ တာဝန်ရှိသူများအားတွေ့ဆုံပြီး လုပ်ငန်းပိုင်းဆိုင်ရာ ကိစ္စများနှင့် ပတ်သက်၍ မှာကြားသည်။**

## ကြပ်မတ်ဆောင်ရွက်

ထိုသို့ တွေ့ဆုံရာတွင် ရှေးဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ဖွဲ့စည်းမှု၊ဝင်ငွေနှင့် အသုံးစရိတ်အခြေအနေ၊ လျှပ်စစ်မီတာခြိုးခြံချွေတာသုံးစွဲမှု အခြေအနေ၊ထပ်ဆင့်လွှင့်စက်ရုံများ တည်ဆောက်မှုအခြေအနေနှင့် မပြီးပြတ်သေးသော လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အင်ဂျင်နီယာချုပ် ဦးတင်ဝမ်းက လုပ်ငန်းပိုင်းဆိုင်ရာများကို အသေးစိတ်ရှင်းလင်းတင်ပြရာ ဝန်ကြီးက နွေရာသီရောက်ပြီဖြစ်၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ အရေးပေါ် မီးလောင်ကျွမ်းပါက စီမံချက်နှင့်အညီ မီးငြိမ်းသတ်နိုင်ရန် ကြိုတင်ဇာတ်တိုက်လေ့ကျင့်ရေး၊ ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ နည်းစနစ်တိုးမြှင့်ဆောင်ရွက်ရေး၊ Fibre Opticဖြင့် ရုပ်မြင်သံကြားထုတ်လွှင့်မှု စီမံဆောင်ရွက်ရေး၊ MRTV - 4 ကို အရှိန်အဟုန်မြှင့် တိုးချဲ့ထုတ်လွှင့်ရေးနှင့် ယခုနှစ်တည်ဆောက်ရန်ရှိသော အဆောက်အအုံများ အချိန်မီ၊ အရည်အသွေးမီ ပြီးစီးအောင် ကြပ်မတ်ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်တာဝန်ရှိသူများသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အဆောက်အအုံ မီးဘေးလုံခြုံရေး စီစဉ်ဆောင်ရွက်ထားရှိမှု၊ အိမ်ထောင်သည်လိုင်းများ မီးဘေးလုံခြုံရေးဆောင်ရွက်မှု၊ ဆောက်လုပ်ဆဲအဆောက်အအုံနှင့် အသစ်ဆောက်လုပ်မည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

**(သတင်းစဉ်)**



**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ဖွဲ့စည်းမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

## လေ့လာဝယ်ယူသူများစည်ကား

**ပဥ္စမအကြိမ် မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ဒီဇင်ဘာ ၁၉ ရက်က ဆက်လက်ခင်းကျင်းပြသရာ အေးငြိမ်းသီတာဆေးတိုက်တွင် လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိစဉ်။** (က-ပ)



## ပညာရေးစုံညီပွဲတော် စံပြမူကြိုပဒေသာကပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေး သုတေသနအဖွဲ့ ဦးစီးဌာန စံပြမူကြိုကျောင်း ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ပဒေသာကပွဲ အခမ်းအနားကို ယမန်နေ့ မွန်းတည့် ၁၂ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

ရှေးဦးစွာ စံပြမူကြိုကျောင်းသား ကျောင်းသူလေးများက 'မြန်မာ့ကျောင်း' သီချင်းသီဆို၍ ပဒေသာကပွဲကို ဖွင့်လှစ်ပြီး ဆက်လက်၍ 'စံပြမူကြိုကျောင်း' သီချင်းကို သီဆိုဖျော်ဖြေကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူလေးများက ပဒေသာကပွဲ အစီအစဉ်များကို သီဆိုကပြ တင်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင် အထူးရထားဖြင့် လိုက်ပါခဲ့ကြသော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကိုယ်စားလှယ်များအား ကြိုဆိုနှုတ်ဆက်စဉ်။** (ရထား)



# ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသူရဦးသောင်းလွင် အထူးရထားဖြင့်လိုက်ပါလာသော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကိုယ်စားလှယ်များအားကြိုဆို

ရန်ကုန် ဒီဇင်ဘာ ၁၉

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်သည် မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်ဘူတာကြီးသို့ ဆိုက်ရောက်လာသည့် အထူးရထားဖြင့်လိုက်ပါလာကြသော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ တက်ရောက်ခဲ့ကြသည့် ပြည်ပနိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များအား ကြိုဆိုပြီး ရင်းနှီးခင်မင်စွာ လိုက်လံနှုတ်ဆက်သည်။**

ယခုအထူးရထားဖြင့် လိုက်ပါလာကြသော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ တက်ရောက်ခဲ့ကြသည့် ကိုယ်စားလှယ်များသည် ဒီဇင်ဘာ ၁၃ ရက်တွင် ရန်ကုန်မှ မန္တလေးသို့ အထူးရထားဖြင့် ထွက်ခွာသွားခဲ့ပြီးနောက် ယနေ့နံနက်တွင် မန္တလေးမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာခြင်းဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

# ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ညီမျှအောင်ကြိုးပမ်းရန် မဲခေါင်ခြောက်နိုင်ငံသဘောတူညီ

ဗန်ကောက် ဒီဇင်ဘာ ၁၈

**မဲခေါင်ဒေသတွင်း ခြောက်နိုင်ငံသည် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအကြား ညီမျှအောင်ကြိုးပမ်းလုပ်ဆောင်ကြရန် သဘောတူညီခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းစာက သောကြာနေ့၌ ဖော်ပြသည်။**

လာအိုနိုင်ငံဗီယင်ကျန်းမြို့၌ ကြာသပတေးနေ့က ဝန်ကြီးအဆင့်အစည်းအဝေးကျင်းပပြီးနောက် မဟာမဲခေါင်ဒေသခွဲ(ဂျီအမ်အက်စ်) ဝန်ကြီးများသည် လာမည့်ငါးနှစ်တာကာလ၌ အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံမှုများ စတင်စီစဉ်ဆောင်ရွက်မည်ဖြစ်သကဲ့သို့ ဇီဝမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေး ထူထောင်ကြရန်လည်း သဘောတူညီခဲ့ကြသည်။

**တည်ဆောက်မည်**

ရင်းနှီးမြှုပ်နှံရေးအစီအစဉ်အရ မဲခေါင်နိုင်ငံများအကြား ရပ်ပိုင်းဆိုင်ရာဆက်သွယ်မှုများသည် နယ်စပ်ဖြတ်ကျော်ပို့ဆောင်ရေးကို အဆင်ပြေစေရန်တည်ဆောက်ကြမည်ဖြစ်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် ဒေသ၏ ကြွယ်ဝသောသဘာဝဇီဝမျိုးကွဲများထိန်းသိမ်းရေးကိစ္စနှင့် စပ်လျဉ်း၍ အဆိုပါဝန်ကြီး အစည်းအဝေး၌ ဆွေးနွေးရမည့် အဓိကအကြောင်းအရာဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ)ဒုတိယဥက္ကဋ္ဌလီကွင်ကျင်းက ပြောကြားသည်။

မဲခေါင်ဒေသတွင် မိမိတို့သည် အမှားများကို ရှောင်ရှားကာ သင်ခန်းစာများ ရယူသင့်ကြောင်း၊ ပိုမိုကောင်းမွန်တိုးတက်ရေးဆီသို့ ချဉ်းကပ်လုပ်ဆောင်သင့်ကြောင်း ကျင်း၏ပြောကြားချက်ကို ဗန်ကောက်ပို့စ်က ကိုးကားဖော်ပြသည်။ ဂျီအမ်အက်စ်ဝန်ကြီးများသည် ပတ်ဝန်းကျင်ကို မထိခိုက်စေဘဲစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း အေဒီဘီ၏ မဲခေါင်စီမံချက်ဆိုင်ရာ ညွှန်ကြားရေးမှူး ရာဂျစ်အမ်နက်ကပြောကြားသည်။ ကုလသမဂ္ဂနှင့်အတူ ဘုံစံပြုချက်ကို တည်ထောင်ခြင်းဖြင့် ဒေသတွင်းပို့ဆောင်မှုကို အဆင်ပြေစေရန်ယင်းအစည်းအဝေးတွင် သဘောတူညီချက်လေးရပ်ကိုလက်မှတ်ရေးထိုးခဲ့ကြသည်။ ၁၉၉၂ ခုနှစ်က ဖွဲ့စည်းခဲ့သော ဂျီအမ်အက်စ်တွင် မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံယူနန်တို့ပါဝင်ကြောင်း၊ ယင်းတို့သည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး တိုးမြှင့်ဆောင်ရွက်ရန် အခြေခံအဆောက်အအုံများ တည်ဆောက်ရန်ကြိုးပမ်းခဲ့ကြကြောင်းသိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ချန်ဂီလေဆိပ်သို့ ခရီးသည်လေယာဉ်ဆင်းသက်မှု ယခုနှစ်နိုဝင်ဘာလတွင် စံချိန်တင်မြင့်တက်

စင်ကာပူ ဒီဇင်ဘာ ၁၈

**စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်သို့ နေ့စဉ်ခရီးသည်ယာဉ်များဆင်းသက်မှုသည် နိုဝင်ဘာလတွင် ၁၀၀၀၀၀ အထိရှိကြောင်း ယင်းကဲ့သို့ တိုးတက်လာရောက်မှုသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။**

လေကြောင်းခရီးသွားရာသီသည် ဒီဇင်ဘာလဖြစ်ကြောင်း၊ နိုဝင်ဘာလ ၃ ရက်တွင် ခရီးသည်ယာဉ်များလာရောက်မှုစံချိန်တင်မြင့်တက်ခဲ့ကြောင်း စင်ကာပူမြို့ပြဆိုင်ရာ လေကြောင်းအာဏာပိုင်အဖွဲ့က သောကြာနေ့၌ ကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။

**တိုးတက်**

နိုဝင်ဘာလတွင် ခရီးသည်ယာဉ် ၂၃သမ၇၁ သန်းလာရောက်ခဲ့ကြောင်း ယခင်နှစ်ကထက် ၁၂၃သမ ၈ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ ယခုနှစ် ပထမ ၁၁လအတွင်း ယင်း လေဆိပ်သို့ လာရောက်သည့်ခရီးသည်စုစုပေါင်း ပမာဏမှာ ၂၇ ဒသမ ၄ သန်းရှိကာ ယခင်နှစ်အလားတူကာလကထက် ၂၄ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**



**တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ကွန်ပျူတာ ထုတ်လုပ်ရေးစက်ရုံ တစ်ရုံ၌ ထုတ်လုပ်ထားသော ကွန်ပျူတာများကို အလုပ်သမား တစ်ဦး ဒီဇင်ဘာ ၁၇ ရက်က စစ်ဆေးနေစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# ဖလူးဂျာမြို့အနီး ကန်စစ်ရဟတ်ယာဉ်ပစ်ခတ်မှု အီရတ်လေးဦးသေဆုံး၊ ငါးဦးဒဏ်ရာရ

ဖလူးဂျာ ဒီဇင်ဘာ ၁၈

**ဖလူးဂျာမြို့အနီးရှိအမီရီယတ်မြို့တွင်အမေရိကန်စစ်ဘက်ရဟတ်ယာဉ်တစ်စင်းက လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အီရတ်လေးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။**

ယင်းကဲ့သို့ အမေရိကန်စစ်ရဟတ်ယာဉ် တစ်စင်းမှနေ၍ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အီရတ်လေးဦးသေဆုံးပြီး ငါးဦးဒဏ်ရာ ရရှိခဲ့သည့်အပြင် အီရတ်အရပ်ဘက် မော်တော်ယာဉ် ခြောက်စီးလည်း မီးလောင်ပျက်စီးခဲ့ရကြောင်း ဆေးဖက်ဆိုင်ရာ သတင်းများနှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်ဟု ဆင်ဟွာ သတင်းဌာနက ဖော်ပြသည်။

**တိုက်ခိုက်**

အဆိုပါမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ဖလူးဂျာမြို့မှ ခုနစ်မိုင်ခန့်ဝေးသော ယင်းမြို့လေး၏ ဆင်ခြေဖုံးဒေသကို အမေရိကန်စစ်ရဟတ်ယာဉ်က တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဖလူးဂျာမြို့တွင်းရှိ တောင်ဘက်နေရာဒေသများတွင်လည်း အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက် ရှိနေဆဲဖြစ်ကြောင်း သိရသည်။

**စွပ်စွဲ**

ပြီးခဲ့သည့်တိုက်ပွဲများအတွင်း အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင် များသည် နိုင်ငံတကာကပိတ်ပင်တားမြစ်ထားသော လက်နက်များကို အသုံးပြု၍ တိုက်ခိုက်ခဲ့ကြကြောင်း ဖလူးဂျာမြို့ရှိ အီရတ်ခုခံတိုက်ခိုက်ရေးသမားများက စွပ်စွဲပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**



**ဖလူးဂျာမြို့အတွင်းဝင်ရောက်မည့် အီရတ်တစ်ဦးအား ရှာဖွေစစ်ဆေးနေသော အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို ဒီဇင်ဘာ ၁၈ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံခြားသတင်းများ

# ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်ရေးကုလတိုက်တွန်း

ကုလသမဂ္ဂ ဒီဇင်ဘာ ၁၈

**ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ(အမ်ဒီဂျီ)အောင်မြင်မှုရရှိရေးအတွက် ကမ္ဘာ့အနှံ့တိုးတက်မှုအား အပြီးသတ်သုံးသပ်သည့် ၂၀၀၅ခုနှစ် လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်ကို ကုလသမဂ္ဂအထွေထွေညီလာခံက သောကြာနေ့၌ အတည်ပြုပေးလိုက်သည်။**

ယင်းညီလာခံ၌ ဇွန်လကုန်မှ စက်တင်ဘာ လလယ်ထိ လုပ်ငန်း ဖွဲ့စည်းမှုပုံစံနှင့် ဆောင်ရွက်မှု အစီအစဉ်ဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ကို တညီတညွတ်တည်း အတည်ပြုပြဋ္ဌာန်းခဲ့ပြီး အဆင့်မြင့်ထောင်စုနှစ် သုံးသပ်မှုကို ရှေ့နှစ် စက်တင်ဘာလမှစပြီး ပြုလုပ်သွားမည်ဖြစ်ကြောင်းအထွေထွေညီလာခံက သဘောတူသည်။

**သဘောတူ**

ယင်းထိပ်သီးအစည်းအဝေးတွင် ၂၀၀၀ပြည့်နှစ် ထောင်စုနှစ်ထိပ်သီးအစည်းအဝေး၏တူညီသော ဖွဲ့စည်းမှုပုံစံနှင့်ဒူးတိုက်ဆွေးနွေးချက်များ ပါဝင်သင့်ကြောင်းကိုလည်း အထွေထွေညီလာခံက သဘောတူသည်။

လွန်ခဲ့သည့်လေးနှစ်က ကျင်းပခဲ့သည့် ထောင်စုနှစ်ထိပ်သီးအစည်းအဝေး၌ ကမ္ဘာ့ခေါင်းဆောင်များက ထောင်စုနှစ်ကြေညာချက်ကို ချမှတ်ပြဋ္ဌာန်းခဲ့ကြရာ ယင်းကြေညာချက်၌ စုပေါင်းလုံခြုံမှုနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ကမ္ဘာလုံး ပေါင်းဖော်မှုမှတစ်ဆင့် လာမည့်ရာစုနှစ်အတွက် ပိုမိုကောင်းမွန်ပြီး လုံခြုံမှုရှိသော ကမ္ဘာကြီးတည်ဆောက်သွားမည့်အသေးစိတ်အစီအစဉ်တစ်ရပ်ကိုပြဋ္ဌာန်းပေးခဲ့သည်။ ကမ္ဘာ့ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး ရည်မှန်းချက်များသည် ၂၀၁၅ ခုနှစ်၌ ဆင်းရဲနွမ်းပါးမှုကို ထက်ဝက် လျော့စေခြင်းမှသည် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ပျံ့နှံ့မှုရပ်တန့်စေရေးကမ္ဘာလုံးဆိုင်ရာ အခြေခံပညာသင်ကြားရေး အထိရှိသောလျာထားသတ်မှတ်ချက်များကို ရည်ရွယ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အီရန်တောင်ပိုင်း၌ နှင်းမုန်တိုင်းတိုက်ခတ် သတ္တုမိုင်းအလုပ်သမား ၁၂ဦးပျောက်ဆုံးနေ

**တီဟီရန် ဒီဇင်ဘာ ၁၈**

အီရန်နိုင်ငံတောင်ပိုင်းကျသော ပြည်နယ်တွင် နှင်းမုန်တိုင်းပြင်းထန်စွာ တိုက်ခတ်မှုကြောင့် သတ္တုမိုင်းလုပ်သား၁၂ဦးပျောက်ဆုံးလျက်ရှိကြောင်း၊ ယင်းသို့ နှင်းမုန်တိုင်းတိုက်ခတ်မှုမှာ ကြာသပတေးနေ့ ညနေပိုင်းက ဖြစ်ကြောင်း အိုင်အာအင်အေသတင်းဌာနက သောကြာနေ့တွင် သတင်းထုတ်ပြန်သည်။

ထိုသတ္တုမိုင်း အလုပ်သမားများသည် တာဝန်ထမ်းဆောင်ရာ တောင်တန်းများတွင် လုပ်ငန်းတာဝန် ပြီးဆုံး၍ နေအိမ်သို့ ပြန်လာစဉ် ယခုကဲ့သို့ နှင်းမုန်တိုင်းတိုက်ခတ်မှုနှင့် ကြုံတွေ့ရပြီး ပျောက်ဆုံးနေခြင်းဖြစ်ကြောင်း အိုင်အာအင်အေ သတင်းဌာနက ထုတ်ပြန်သော သတင်းတွင် ဖော်ပြထားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ပိုလီမီးလ် အစားအစာများစားသုံးခြင်းဖြင့် နှလုံးရောဂါဖြစ်ပွားမှု လျော့ကျစေနိုင်

**လန်ဒန် ဒီဇင်ဘာ ၁၈**

အကယ်၍ သင်သည် အစားအစာကောင်းများကိုကြိုက်နှစ်သက်ပြီး နှလုံးရောဂါနှင့် လေဖြတ်ရောဂါကဲ့သို့ အန္တရာယ်ရှိသောရောဂါများဖြစ်မှု လျော့နည်းစေမည့် ဆေးဝါးများလည်း သောက်သုံးရန် ဆန္ဒမရှိလျှင် ဝိုင်၊ ငါး၊ ချောကလက်၊ သစ်သီး၊ ဟင်းသီးဟင်းရွက်များနှင့် ကြက်သွန်ဖြူတို့ကဲ့သို့သော (ပိုလီမီးလ်)အစားအစာများကို များများ စားသုံးရမည်ဖြစ်ကြောင်း ဆေးဖက်ဆိုင်ရာ ပညာရှင်တစ်ဦးက ပြောကြားသည်။

**လျော့ကျ**

ဝိုင်၊ ငါးနှင့် သစ်သီးအပါအဝင် ဟင်းသီးဟင်းရွက်များစားသုံးခြင်းသည် နှလုံးရောဂါနှင့် လေဖြတ်ရောဂါများ ဖြစ်ပွားမှုကို လျော့ကျစေကြောင်း နယ်သာလန်နိုင်ငံ အီရက်စ်မတ်စ်ဆေးဖက်ဆိုင်ရာဌာန၏ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူ ပညာရှင်တစ်ဦးဖြစ်သူ ဒေါက်တာအိုစကာဖရန်ကိုကပြောကြားသည်။

**ကာကွယ်နိုင်**

အဆိုပါ ပိုလီမီးလ်အစားအစာ များကို လူများအနေဖြင့် အသက် ၅၀ ကျော်လျှင် မျှတစွာ စားသုံးလာပါက ကမ္ဘာ့အကြီးမားဆုံး လူသတ်ရောဂါတစ်မျိုးဖြစ်ပြီးရောဂါဖြစ်ပွားသူဦးရေ ၏ ၇၆ ရာခိုင်နှုန်းကို သေစေနိုင်သော နှလုံးရောဂါဖြစ်ပွားမှုအား လျော့ကျစေနိုင်သည့်အပြင် အကာအကွယ်လည်းပေးနိုင်ကြောင်း သုတေသန ပညာရှင်များက ကောက်ချက်ချခဲ့ကြသည်။

**အမ်အင်အေ၊ရိုက်တာ**

# မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# ဥရောပတွင် တရုတ်နိုင်ငံ၏အကြီးမားဆုံး ကုန်သွယ်ဖက် ဂျာမနီနိုင်ငံဖြစ်ကြောင်း တရုတ်လူမျိုးအများစုရှုမြင်

ပေကျင်း ဒီဇင်ဘာ ၁၈

**တရုတ်လူမျိုးအများစုသည် ဂျာမနီနိုင်ငံအား အရည်အသွေးကောင်းမွန်သော လူသုံးကုန်ပစ္စည်းများနှင့် သင့်တင့်မျှတသော ဈေးနှုန်းရှိသည့် ကုန်ပစ္စည်းများထုတ်လုပ်သည့် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုရှိသော နိုင်ငံအဖြစ် သဘောထားရှုမြင်ကြကြောင်း မကြာသေးမီက လေ့လာသုံးသပ် တွေ့ရှိခဲ့ရသည်။**

**ရှုမြင်**

ရှန်ဟဲအခြေစိုက်ဟိုရီဇွန်အုပ်စုက ပေကျင်း၊ ရှန်ဟဲနှင့် ကွမ်ကျိုးရှိ အသက်(၁၈)နှစ်နှင့် (၆၀)ကြားရှိ လူ ၄၄၄ ဦးအား လေ့လာသုံးသပ်ကြည့်ရာ ၆၆ ရာခိုင်နှုန်းက ဂျာမနီနိုင်ငံအား ချမ်းသာပြီး စွမ်းအားရှိသော နိုင်ငံအဖြစ် ရှုမြင်ပြောဆိုကြသည်ကို တွေ့ရှိရသည်။

**သုံးသပ်**

ဂျာမနီနိုင်ငံ၏ အရည်အသွေးကောင်းသောထုတ်ကုန်အဖြစ် ကမ္ဘာ၌ထင်ရှားသော မာစီးဒီးဘင့်ဇ်နှင့် ဘီအမ်ဒဗလျူကဲ့သို့ ကုန်အမှတ်တံဆိပ်သည် တရုတ်နိုင်ငံ၌ ရင်းနှီးပြီးဖြစ်ကြောင်း လေ့လာသုံးသပ်ချက်က ဖော်ပြသည်။

**အကြီးမားဆုံး**

ဂျာမနီနိုင်ငံသည် ဥရောပတွင် တရုတ်နိုင်ငံ၏အကြီးမားဆုံးသော ကုန်သွယ်ဖက်ဖြစ်ပြီး တရုတ်နိုင်ငံ၌ ဂျာမနီ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ၂၀၀၃ ခုနှစ်ကုန်၌ အမေရိကန်ဒေါ်လာ ၈၈ ဒသမ ၅ ဘီလီယံထိ ရှိခဲ့ကြောင်းသိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အင်ဒိုနီးရှားနှင့်ဂျပန် စီးပွားရေးပူးပေါင်းဆောင်ရွက်မည်

ဂျကာတာ ဒီဇင်ဘာ ၁၈

**စီးပွားရေးပေါင်းဖော်ဖက်ဆိုင်ရာ သဘောတူညီမှု(အီးပီအေ)၏ မူဘောင်အတွင်း အင်ဒိုနီးရှားနိုင်ငံနှင့်အတူ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် ဂျပန်နိုင်ငံက အဆိုပြုပြောကြားခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ဂျပန်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဆိုင်ရာဝန်ကြီး ရှိုအီချီနာကာဂါဝါနှင့် ဂျကာတာမြို့၌ တွေ့ဆုံဆွေးနွေးပြီးနောက် အင်ဒိုနီးရှားနိုင်ငံစီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး အဘူရီဇယ်ဘာကရီက ပြောကြားလိုက်သည်။**

ယင်းကဲ့သို့ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမှာ ကုန်သွယ်ရေးတစ်ခုတည်းတွင် မဟုတ်ဘဲ ခရီးသွားလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် အခြားကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ဘာကရီက ပြောကြားသည်ဟု အင်ဒိုနီးရှားနေ့စဉ်ထုတ်သတင်းစာကွမ်ပတ်က ကြာသပတေးနေ့၌ ဖော်ပြထားသည်။

**သဘောတူညီ**

အဆိုပါအီးပီအေတွင်ပူးပေါင်းပါဝင်ဆောင်ရွက်ရန် စင်ကာပူနိုင်ငံ အပါအဝင် အချို့နိုင်ငံများက သဘောတူညီကြသည်ဟုလည်း ၎င်းကပြော ကြားသည်။

အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေး တိုးတက်မှုကို အထောက်အကူပြုလျှင် ယင်းစီမံကိန်းကို အင်ဒိုနီးရှားအစိုးရက လက်ခံမည်ဖြစ်ကြောင်းလည်း အင်ဒိုနီးရှားနိုင်ငံစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဘာကရီက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# တူရကီနိုင်ငံရှိ ဈေးအဆောက်အအုံတစ်ခု အလှဆင်ထားသော ဖယောင်းတိုင်မှ မီးလောင်မှုဖြစ်ပွား

**အင်ကာရာ ဒီဇင်ဘာ ၁၈**

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ဈေးရောင်းဝယ်ရာ အဆောက် အအုံတစ်ခု မီးလောင်မှုဖြစ်ပွားရာ လူ ၁၆၁၆၉ဦး ဒဏ်ရာရရှိခဲ့ကြောင်း တူရကီဝန်ကြီးချုပ်၏ အရေးပေါ်စီမံခန့်ခွဲမှုရုံးက ပြောကြားသည်ဟု ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်သော အစီရင်ခံစာ တစ်ရပ်တွင် ဖော်ပြထားသည်။

**ဖော်ပြ**

အဆိုပါ မီးလောင်မှု ဖြစ်ပွားခဲ့ခြင်းကြောင့် ဒဏ်ရာရရှိခဲ့သော လူများအား ဆေးရုံ၌ ဆေးကုသရန်ပို့ဆောင်ပေးခဲ့ကြောင်း၊ ၎င်းဒဏ်ရာရရှိသူများမှာ အသက်အန္တရာယ်စိုးရိမ်ဖွယ်ရာ မရှိကြောင်းလည်း ယင်းအစီရင်ခံစာ၌ ဖော်ပြထားသည်။

အဆိုပါ မီးလောင်မှုမှာ အစ္စတန်ဘူလ်မြို့ ဒိုလ်မာဘတ်စီအရပ်ရှိ ရုပ်ရှင်ရုံခန်းမပါရှိသော ဂျီမောလ်ဌာနနှင့် ဈေးအရောင်းအဝယ်ပြုရာ အဆောက်အအုံ၌ အင်္ဂါနေ့က မီးလောင်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

**ဖြစ်ပွား**

ယင်းသို့ မီးလောင်မှုဖြစ်ပွားရခြင်းမှာ ဈေးအရောင်းခန်းမတွင် အလှဆင်ထားသည့် ဖယောင်းတိုင်များမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**



**ကင်းလှည့်**

**မိုဆူးလ်မြို့တွင် ကင်းလှည့်နေသော အမေရိကန် တပ်ဖွဲ့ဝင်များကို ဒီဇင်ဘာ၁၈ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# မက္ကဆီကို၌ အအေးလွန်ကဲ လူ ၂၆ ဦး သေဆုံးခဲ့ရ

**မက္ကဆီကို(စီးတီး) ဒီဇင်ဘာ ၁၈**

မက္ကဆီကိုနိုင်ငံအလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် ရုတ်တရက် အအေးလွန်ကဲမှုကြောင့် လူ၂၆ဦးသည် အအေးဒဏ်ကို ခံစားကြရပြီး သေဆုံးသွားကြောင်း တာဝန်ရှိသူများက သောကြာနေ့၌ ပြောကြားသည်။

သေဆုံးသူများအနက် ၁၁ဦးမှာ ကိုယ်ပူရှိန်အလွန်အမင်းကျဆင်းခြင်းကြောင့် သေဆုံးပြီး ၁၀ဦးမှာ ကာဗွန်မိုနော့ဆိုဒ် ဓာတ်ငွေ့ကြောင့် မူးမေ့သေဆုံးကာ ငါးဦးမှာ မီးစွဲလောင်ခြင်းခံရပြီး သေဆုံးရခြင်းဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အီတလီ စားစာခံအား ခုခံတိုက်ခိုက်ရေးအုပ်စု သတ်ဖြတ်

ဒူဘိုင်း ဒီဇင်ဘာ ၁၈

**အီတလီစားစာခံ ဆာလ်ဗာတိုဆန်တိုရိုအား အီရတ်ခုခံတိုက်ခိုက်ရေး အုပ်စုတစ်စုက သတ်ဖြတ်လိုက်ကြောင်း အဆိုပါအုပ်စု၏ သတင်းထုတ်ပြန်ချက်ကို ကိုးကားလျက် အယ်လ်ဂျာဇီရာရုပ်မြင်သံကြားက သတင်းထုတ်လွှင့်ခဲ့သည်။**

ကာတာအခြေစိုက် အယ်လ်ဂျာဇီရာသတင်းဌာနက နိုင်ငံကူးလက်မှတ်၊ဓာတ်ပုံများနှင့်ထိုင်လျက်ရှိသော ဆန်တိုရိုအား သေနတ်ဖြင့် ဦးခေါင်းကိုချိန်ထားသည့် ဓာတ်ပုံများကို ထုတ်လွှင့်ပြသခဲ့သည်။ ထို့ပြင် ကြေညာချက်ကို ဖတ်ကြားပြသနေသော မျက်နှာဖုံးစွပ်ထားသည့် လက်နက်ကိုင်လူလေးဦး၏ရုပ်ပုံကိုလည်း အယ်လ်ဂျာဇီရာကပြသခဲ့သည်။

**ရှာဖွေတွေ့ရှိ**

ဆန်တိုရိုအား သတ်ဖြတ်လိုက်ကြောင်းနှင့် အမေရိကန်တို့အား ၎င်းအထောက်အကူပေးခဲ့သည့် သက်သေခံအထောက်အထားများကို ယင်းအုပ်စုက ရှာဖွေတွေ့ရှိခဲ့ကြောင်း အယ်လ်ဂျာဇီရာက သတင်းဖော်ပြခဲ့သည်။ အသေးစိတ်ကိုမူ ဖော်ပြခြင်းမပြုဘဲ ထားသည်။

**ဖမ်းဆီး**

အီတလီနိုင်ငံ နေပယ်မြို့အနီး ကမ်ပါနီယာဒေသမှ ဆန်တိုရို (၅၂ နှစ်)အား စားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း အီတလီထောက်လှမ်းရေး သတင်းရပ်ကွက်များကို ကိုးကားလျက် အန်ဆာသတင်းဌာနက ရောမမြို့၌ အစောပိုင်းက သတင်းထုတ်ပြန်ခဲ့သည်။

**(အင်တာနက်)**

# ဘဂ္ဂဒက်မြို့လယ်တွင် အင်အားပြင်းထန်သော ဗုံးပေါက်ကွဲ

ဘဂ္ဂဒက် ဒီဇင်ဘာ ၁၈

**ဘဂ္ဂဒက်မြို့လယ်ကောင်တွင် ကြာသပတေးနေ့၌ အင်အားပြင်းထန်သော ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အဆောက်အအုံများ တုန်ခါသွားခဲ့သော်လည်း ပေါက်ကွဲမှုဖြစ်ရသည့်အကြောင်းကို ချက်ချင်းဖော်ညွှန်းပြောဆိုခြင်းမပြုဘဲ ရှိသည်။**

ဘဂ္ဂဒက်မြို့လယ်ကောင်ရှိ အစိမ်းရောင်ဒေသကို တိုက်ခိုက်သူများက မကြာခဏတိုက်ခိုက်သော်လည်း ကြာသပတေးနေ့က ဗုံးပေါက်ကွဲမှုသည် အဝေးမှနေ၍ ဖောက်ခွဲခြင်းဖြစ်ပုံရသည်ဟု ဆိုသည်။

တိုက်ခိုက်ရေးသမားများက အမေရိကန်စစ်ယာဉ်တန်းအား တိုက်ခိုက်ခဲ့ပြီးနောက် ထိုသို့ ပေါက်ကွဲသံ ကြားရခြင်းဖြစ်သည်ဟု ဆိုသည်။ တိုက်ပွဲများသည် ဘဂ္ဂဒက်အနောက်ပိုင်းရှိ အယ်လ်ဂျာမီယာအရပ်၌ ဖြစ်ပွားခဲ့ပြီး ပေါက်ကွဲသံနှစ်ခုကို ဘဂ္ဂဒက်လေဆိပ်သွားရာလမ်းပေါ်၌ ကြားခဲ့ရကြောင်း အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားက ပြောကြားသည်။

လွန်ခဲ့သည့် သီတင်းပတ်အတွင်း၌ အစိမ်းရောင်ဒေသဝင်ပေါက်များ အပြင်ဘက်၌ ကားဗုံးနှစ်လုံးထက်မနည်း ပေါက်ကွဲခဲ့ရာ လူကိုးဦးထက်မနည်း သေဆုံးခဲ့သည်။ **(အင်တာနက်)**



**ဘဂ္ဂဒက်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ် ပြောက်ကျားတို့ အပြန်အလှန် ပစ်ခတ်မှုကြောင့် မီးလောင်သွားသော ရေနံတင် ယာဉ်တစ်စီးအား အီရတ်တစ်ဦးက မီးငြိမ်းသတ်ရန် ကြိုးစားနေသည်ကို ဒီဇင်ဘာ ၁၇ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# စူးအက်တူးမြောင်းဝင်ငွေ ယခုနှစ် ပိုမိုရရှိဖွယ်ရှိ

**ကိုင်ရို ဒီဇင်ဘာ ၁၈**

အီဂျစ်နိုင်ငံ၏ စူးအက်တူးမြောင်းဝင်ငွေသည် ယခုနှစ်၌ ဒေါ်လာ ၃ ဘီလီယံခန့် ပိုမိုရရှိဖွယ်ရှိသည်ဟု တူးမြောင်းအာဏာပိုင်အဖွဲ့ ဥက္ကဋ္ဌ အာမက်အလီဖက်ဟဲလ်က အင်္ဂါနေ့၌ ပြောကြားသည်။

၂၀၀၃ ခုနှစ်တွင် ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ရခဲ့သည်ကို နှိုင်းယှဉ်လျှင် ယခုနှစ်တွင် ဝင်ငွေ အမေရိကန်ဒေါ်လာ ၃ ဘီလီယံကျော်ရဖွယ်ရှိကြောင်း ၎င်းက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

ဝင်ငွေတိုးလာရခြင်းသည် ရေနံဈေး မြင့်တက်လာမှုနှင့် ရေကြောင်းသွားလာရေးဝန်ဆောင်မှု ပိုမိုကောင်းမွန်လာခြင်းကဲ့သို့ အခြေခံအကြောင်းအချို့ ပူးပေါင်းသည့်ရလဒ်ကြောင့် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**



# အာဆီယံနိုင်ငံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်ညီလာခံ နောက်ဆုံးနေ့အစီအစဉ်များအောင်မြင်စွာကျင်းပပြီးစီး ပညာရှင်များက စာတမ်း ၁၃၄ စောင် ဖတ်ကြားတင်သွင်း

ရန်ကုန် ဒီဇင်ဘာ ၁၉

**ပြည်ထောင်စုမြန်မာနိုင်ငံတော်က အိမ်ရှင်နိုင်ငံအဖြစ်လက်ခံ၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက ကြီးမှူးကျင်းပသော (၂၂)ကြိမ်မြောက် အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်ညီလာခံ ဒုတိယနေ့နှင့် နောက်ဆုံးနေ့ အစီအစဉ်များအဖြစ် ပညာရပ်ဆိုင်ရာစာတမ်းများ ဖတ်ကြားခြင်း၊ အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် အုပ်ချုပ်ရေးဘုတ်အဖွဲ့ အစည်းအဝေးနှင့်လုပ်ထုံးလုပ်နည်းစံများ ဖိုရမ်တို့ကိုကျင်းပခြင်း၊ (၂၂)ကြိမ်မြောက် အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် ညီလာခံအောင်မြင်စွာ ပိတ်သိမ်းခြင်းအခမ်းအနားတို့ကို ယနေ့နံနက်ပိုင်းမှ စတင်၍ ဆက်လက်ကျင်းပပြီး** (အပေါ်ပုံ) **ညနေပိုင်းတွင် ညီလာခံအောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။**

## စာတမ်း ၁၃၄ စောင် တင်သွင်း

ဒုတိယနေ့ နောက်ဆုံးနေ့ညီလာခံ အစီအစဉ်များတွင် အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ၏ စာတမ်းဖတ်ခြင်း အစီအစဉ်ကို နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ဆီဒိုးနားဟိုတယ်ရှိ သတ်မှတ်ခန်းမအသီးသီးတို့၌ ကျင်းပရာ အုပ်စု(၁) စာတမ်းဖတ်ပွဲတွင် ဘရူနိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့က စာတမ်းနှစ်စောင်၊ အုပ်စု(၂)စာတမ်းဖတ်ပွဲတွင် ဗီယက်နမ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယား နှင့် မြန်မာနိုင်ငံတို့က စာတမ်း ၁၇ စောင်၊ အုပ်စု(၃)စာတမ်းဖတ်ပွဲတွင် မလေးရှား၊ ထိုင်း၊ ဘရူနိုင်းနှင့် မြန်မာနိုင်ငံတို့က စာတမ်းလေးစောင်၊ အုပ်စု(၄)စာတမ်းဖတ်ပွဲတွင် မလေးရှား၊ ဂျပန်၊ ကမ္ဘောဒီးယား၊ ထိုင်း၊ ယူနိုက်တက် ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စု၊ မြန်မာ၊ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ စင်ကာပူနှင့် ကိုရီးယားသမ္မတနိုင်ငံတို့က စာတမ်း၃၃စောင်၊အုပ်စု(၅) စာတမ်းဖတ်ပွဲတွင် စင်ကာပူ၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့က စာတမ်း ခုနစ်စောင်၊ အုပ်စု(၆)စာတမ်းဖတ်ပွဲတွင် ထိုင်း၊ မလေးရှား၊ အမေရိကန်ပြည်ထောင်စု၊ မြန်မာ၊ ကမ္ဘောဒီးယား၊ ကိုရီးယားသမ္မတနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့က စာတမ်း ၂၁ စောင် စုစုပေါင်းပညာရပ်ဆိုင်ရာ စာတမ်း ၈၄ စောင်တို့ကို အသီးသီး ဖတ်ကြားတင်သွင်းကြသည်။ ယမန်နေ့နှင့် ယနေ့အထိ ဖတ်ကြားတင်သွင်းခဲ့သော စာတမ်းစုစုပေါင်းမှာ ၁၃၄ စောင်ဖြစ်သည်။

အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် အုပ်ချုပ်ရေးဘုတ်အဖွဲ့အစည်းအဝေးကို နံနက် ၈ နာရီ ၄၅ မိနစ်တွင် အလုံခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်၏ အလှည့်ကျဥက္ကဋ္ဌ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာစိန်မြင့်က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ ပါမောက္ခ ဒေါက်တာစိန်မြင့်က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက ဒီဇင်ဘာ ၁၈ ရက်တွင် ကျင်းပသည့် ညီလာခံပထမနေ့၌ တင်ပြထားသည့်အကြောင်း အရာများနှင့် စပ်လျဉ်း၍ နိုင်ငံအလိုက် အကြံပြုညှိနှိုင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက ၂၀၀၃ ခုနှစ် အောက်တိုဘာလတွင် အင်ဒိုနီးရှားနိုင်ငံ ရို့ဂျကာတာမြို့၌ ကျင်းပခဲ့သည့် (၂၁)ကြိမ်မြောက် အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် အုပ်ချုပ်ရေးဘုတ်အဖွဲ့ အစည်းအဝေးတွင် တင်သွင်းခဲ့သည့် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် (၂၃)ကြိမ်မြောက် အာဆီယံ နိုင်ငံအင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်ညီလာခံကို ၂၀၀၅ခုနှစ် ဒီဇင်ဘာလတွင် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပရန် အစည်းအဝေးက ဆုံးဖြတ်သည်။

ထို့နောက် (၂၂)ကြိမ်မြောက် အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် ညီလာခံနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲ တစ်ရပ်ကို မွန်းလွဲ ၂ နာရီခွဲတွင် လသာခန်းမ၌ ကျင်းပသည်။

## ရှင်းလင်းပြောကြား

ရှေးဦးစွာ အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်ဥက္ကဋ္ဌ မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိန်မြင့်က (၂၂)ကြိမ်မြောက် အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်၏ (၂၂)ကြိမ်မြောက် အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ် ညီလာခံကျင်းပခြင်းနှင့် စပ်လျဉ်း၍ ပဏာမ ရှင်းလင်းပြောကြားသည်။

ထို့နောက် မလေးရှားနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ Ir. Prof. Abang Abdulah Abang Ali နှင့် ကမ္ဘောဒီးယားနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ Ir. Prof. Meas Sokhom တို့က ရှင်းလင်းပြောကြားကြသည်။

ထို့နောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသော မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များက သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် အလှည့်ကျဥက္ကဋ္ဌနှင့် အကြံပေးပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အထွေထွေအတွင်းရေးမှူး ဦးသန်းမြင့်နှင့် အာဆီယံနိုင်ငံများမှ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဖြေကြားကြပြီး သတင်းစာရှင်းလင်းပွဲကို ညနေ ၃ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

ယင်းနောက် (၂၂)ကြိမ်မြောက် အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် ညီလာခံပိတ်သိမ်းပွဲ အခမ်းအနားကို ညနေ ၄ နာရီတွင် Ball Room ၌ ကျင်းပသည်။

## ဆုများချီးမြှင့်

အစီအစဉ်အရ ရှေးဦးစွာ အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်၏ အလှည့်ကျဥက္ကဋ္ဌ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိန်မြင့်က AFEO Honorary Fellowship ဆုရရှိကြသော အင်ဒိုနီးရှားသမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံ အင်ဂျင်နီယာအသင်းတို့မှ ပုဂ္ဂိုလ်များအားလည်းကောင်း၊ ASEAN Engineering Outstanding Award ဆုရရှိကြသော ဖိလစ်ပိုင်သမ္မတနိုင်ငံမှ The Corps of Engineers Armed Forces of the Philippines၊ အင်ဒိုနီးရှားသမ္မတနိုင်ငံမှ Dr. Ir. Syarif Hidayat နှင့် Dr. Pingkan Aditiawati၊ စင်ကာပူနိုင်ငံမှ Dr. Lawrence Koe၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်တို့အားလည်းကောင်း အသီးသီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

## လွှဲပြောင်းပေးအပ်

ဆက်လက်၍ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိန်မြင့်က AFEO Honorary Member ဆုရ ထိုင်းနိုင်ငံမှ နှစ်ဦး၊ မြန်မာနိုင်ငံမှ ကိုးဦးနှင့် ကမ္ဘောဒီးယားနိုင်ငံမှ သုံးဦးအပါအဝင် စုစုပေါင်း၁၄ဦးတို့အားလည်းကောင်း၊ ASEAN Engineer Registers အသိအမှတ်ပြု လက်မှတ်ရ အင်ဒိုနီးရှားသမ္မတနိုင်ငံမှ တစ်ဦး၊ ကမ္ဘောဒီးယားနိုင်ငံမှ နှစ်ဦး၊ ဖိလစ်ပိုင်သမ္မတနိုင်ငံမှ သုံးဦးနှင့် မြန်မာနိုင်ငံမှ ၂၂ဦး အပါအဝင် စုစုပေါင်း ၂၈ဦးတို့အားလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အာဆီယံနိုင်ငံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်၏ အလှည့်ကျဥက္ကဋ္ဌ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိန်မြင့်က အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်အလံကို ၂၀၀၅ ခုနှစ် ဒီဇင်ဘာလတွင် (၂၃)ကြိမ်မြောက် အာဆီယံနိုင်ငံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်ညီလာခံ၏ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပပြီး ဥက္ကဋ္ဌသစ်အဖြစ် ဆောင်ရွက်မည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အင်ဂျင်နီယာ အသင်းဥက္ကဋ္ဌ Ir. Chanphong Phanvongsa အားလွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဥက္ကဋ္ဌသစ်ဖြစ်သူ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌက အဖွဲ့ချုပ် ဥက္ကဋ္ဌသစ်အဖြစ် နှုတ်ခွန်းဆက်စကားပြောကြားပြီး လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံနှင့် ပတ်သက်သည်များကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြသသည်။

## အောင်မြင်စွာပြီးစီး

ထို့နောက် အဖွဲ့ချုပ်ဥက္ကဋ္ဌဟောင်းဖြစ်သူ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိန်မြင့်က ကျေးဇူးတင် ဝမ်းမြောက်စကားပြောကြားကာ ညနေ ၅ နာရီခွဲတွင် (၂၂)ကြိမ်မြောက် အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ် ညီလာခံ အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

# တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင် ဓနုတိုင်းရင်းသားဓမ္မာရုံဖွင့်ပွဲအခမ်းအနားတက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၁၉

**ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ရုံးဝင်းအတွင်း တည်ဆောက်ပြီးစီးသွားသည့် ဓနုတိုင်းရင်းသားဓမ္မာရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် အဆိုပါ ဓမ္မာရုံရှေ့၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့ တက်ရောက်ဖွင့်လှစ်ပေးကြသည်။**

ရှေးဦးစွာ ဓနုတိုင်းရင်းသားဓမ္မာရုံဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွှန့်က ဓမ္မာရုံကြီးဖြစ်မြောက်ရေး ဆောင်ရွက်ခဲ့သည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ ဓနုတိုင်းရင်းသားဓမ္မာရုံဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွှန့်နှင့် ဓနုတိုင်းရင်းသား ဦးတင်မောင်တို့က ဖဲကြိုးဖြတ်၍ ဓနုတိုင်းရင်းသားဓမ္မာရုံကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ဓနုတိုင်းရင်းသားဓမ္မာရုံ၏ ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကာ ဇယန္တော ဗောဓိယာမူလေ အစချီ အောင်ဂါထာတော်ဖြင့် ရွတ်ဆိုပူဇော်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ ဗဟိုရုံးခန်း (ဗဟန်း၃ လမ်း မှတ်တိုင်အနီး) တွင် မိဘနှစ်ပါးအားရည်စူး၍ ဦးဇော်ဝင်း၊သမီး ချောစုဝင်း၊သား ရဲထက်ဝင်း၊ သမီး ချစ်စုဝင်း ၉၁ သူရလမ်း(၉)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်က အလှူငွေ ကျပ်တစ်သိန်းကို စာရင်းစစ် ဦးစံမင်းသို့ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## သီတဂူဆရာတော် တရားပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သပိတ်အိုင်တောရသဲကုန်းဆရာတော် အရှင်ဒေါက်တာဉာဏိဿရ (D.Litt)သည် ဒီဇင်ဘာ ၂၄ ရက်(သောကြာနေ့) ည ၇ နာရီတွင် ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းဝိုင်အမ်ဘီအေအသင်းအရှေ့ဘက် ဓမ္မသဘင်တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော် ဟောကြားချီးမြှင့်မည်ဖြစ်ရာ တရားနာကြွရောက်ရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

## အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

၁၉၈၂ခုနှစ် ရန်ကုန်တက္ကသိုလ် ဘူမိဗေဒ ကျောင်းသားကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ၉ ရက် (တနင်္ဂနွေနေ့)ညနေ ၅နာရီတွင် Summit Park View Hotel ၌ ကျင်းပမည်ဖြစ်ရာ ကိုလှမင်း ဖုန်း-၂၈၂၀၇၂၊ ကိုမြင့်စန်း ဖုန်း-၀၉-၉၉-၂၄၀၀၅၊ ကိုကောင်းနိုင် ဖုန်း-၀၉-၉၉-၂၅၂၁၅ နှင့် မနီနီမော် ဖုန်း-၃၇၈၀၈၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပြီး တစ်ဦးချင်းထံသို့ ဖိတ်စာများ ပေးပို့နိုင်ခြင်း မရှိသဖြင့် မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြား နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**



**သာကေတမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ၂၀၀၄ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲကို ဒေါပုံမြို့နယ် သဘော်ကျင်းစက်ရုံခန်းမတွင် ဒီဇင်ဘာ ၈ရက်ကပြုလုပ်ရာ ခုခံအားကျ၊ ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာဝင်းကိုဦးက ပညာပေးဟောပြောစဉ်။** (၃၀၂)

# (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(၁) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ စုစည်းလက်တွဲပူးပေါင်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

(၄) စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်း ဗိုလ်လုပွဲတက်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

၂၀၀၄ခုနှစ် (၄၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ ဒုတိယအကြိုဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် တပ်မတော်(လေ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ပြိုင်ပွဲ၏ တတိယနေရာလုပွဲကို ဒီဇင်ဘာ၂၁ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် တပ်မတော်(လေ) အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဒီဇင်ဘာ၂၃ ရက် ညနေ ၃နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းနှင့် ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းတို့သည် ဗိုလ်လုပွဲအဖြစ် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သိင်္ဂီပျော်ဘွယ်စာသင်တိုက်သို့ အာဂုံဆောင် ဇာတ်စာအုပ်များလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မသုခကျောင်းတိုက် အောင်သိဒ္ဓိကျောင်း စာချကထိက အာဂုံဆောင်ကျမ်းများ ကျမ်းပြုအရှင်စန္ဒဓောတိ (ပါဠိပါဠိရဂူပိဋကတ်တစ်ပုံဆောင်) ရေးသားပြုစုထားသော အာဂုံဆောင်အငယ်ဇာတ်၊အာဂုံဆောင်အလတ်ဇာတ်၊ အာဂုံဆောင်အကြီးဇာတ်၊သဒ္ဒါမေးကွက် အတွဲ(၁)၊အတွဲ(၂)နှင့်သင်္ဂြိုဟ်မေးကွက် အတွဲ(၁)၊အတွဲ(၂)အပါအဝင် အာဂုံဆောင်ကျမ်းစာအုပ်များကို ဒီဇင်ဘာ ၁၇ရက်က ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့ ဓမ္မသိင်္ဂီပရိယတ္တိ စာသင်တိုက်သို့ ပေးပို့လှူဒါန်းရာ ဓမ္မသိင်္ဂီပျော်ဘွယ်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓရံသီက လက်ခံရယူကြောင်း သိရသည်။ (က–ပ)



## နိုင်ငံခြားရေးဒုတိယဝန်ကြီး ဦးမောင်မြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့တွင် ဒီဇင်ဘာ၂၀ရက်မှ ၂၂ရက်အထိ ကျင်းပသည့် ပဉ္စမအကြိမ် ဘင်္ဂလားဒေ့ရှ်–တရုတ်–အိန္ဒိယ–မြန်မာ လေးနိုင်ငံဒေသတွင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဖိုရမ်အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ကူမင်းမြို့သို့ ထွက်ခွာသွားသည်။

ဒုတိယဝန်ကြီး ဦးမောင်မြင့်အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

## ကမ္မဋ္ဌာနာစရိယများ ဆွေးနွေးကြမည်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်း (မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်သော အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်၏ ကမ္မဋ္ဌာနာစရိယများ တွေ့ဆုံဆွေးနွေးပွဲကို အဖွဲ့ချုပ်တည်ရှိရာ သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ အနာဂါမ် ဆရာသက်ကြီး ဓမ္မရိပ်သာ၌ ဒီဇင်ဘာ၂၅ရက် (စနေနေ့) နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်၍ ကမ္မဋ္ဌာနာစရိယများအားလုံး တက်ရောက်ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ (က–ပ)

## အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းကျင့်ဝတ် ရေးဖြေစာမေးပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းကျင့်ဝတ်ရေးဖြေစာမေးပွဲကို ယနေ့နံနက်ပိုင်းတွင် အကောက်ခွန်သင်တန်းကျောင်းနှင့် ပုဇွန်တောင်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့၌ ကျင်းပပြီး အရာထမ်း၊ အမှုထမ်းစုစုပေါင်း ၄၃၄ ဦး ဖြေဆိုကြရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ခင်မောင်လင်း ကြည့်ရှုအားပေးကြောင်းသိရသည်။ **(အောက်ပုံ)**

**(မြန်မာ့အလင်း)**





မြောက်ဥက္ကလာပမြို့နယ် ရန်အောင်ကျောင်းတိုက် သိင်္ဂီဦးကျောင်း ပဓာနနာယက တိုင်းသံဃာ့ဝန်ဆောင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသဒ္ဓမ္မ ဆရာတော်က(၈၃)နှစ်ပြည့် ဝိဇာတမင်္ဂလာ အထိမ်းအမှတ်အဖြစ် မယ်လမုစေတီတော် ဘက်စုံပြုပြင်ရေးအတွက် ငွေကျပ်ငါးသောင်း၊ မြို့နယ်သံဃာ့ဆေးကုသဆောင် ထာဝရငွေပဒေသာပင်အတွက် ငွေကျပ်ငါးသောင်းကို ဒီဇင်ဘာ ၁၆ရက်က လှူဒါန်းရာ သံဃာ့ဆေးကုသဆောင် ကြီးကြပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ကျိုက်လတ်မိုးမြင့်က လက်ခံရယူစဉ်။ (၃၂၂)

## ခေတ္တရာအသင်းနှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ခေတ္တရာအသင်း ရန်ကုန်မြို့ (ပြည်၊ ရွှေတောင်၊ ပန်းတောင်း၊ ပေါက်ခေါင်း၊ သဲကုန်း၊ ပေါင်းတည်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ၂၀၀၅ခုနှစ် ဇန်နဝါရီ ၂၃ရက်(တနင်္ဂနွေနေ့)နံနက်၈နာရီခွဲတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက် ဓာတ်လှေကားအနီးရှိ ခေတ္တရာအသင်းဓမ္မာရုံ၌ကျင်းပမည်ဖြစ်သည်။ ပြည်ခရိုင် ခြောက်မြို့နယ်မိသားစုများ တက်ရောက်ကြရန်နှင့် အသက် ၇၅နှစ် ပြည့်ပြီးသော သက်ကြီးအသင်းဝင်များ၊ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်းနှင့် တက္ကသိုလ်ကောလိပ် သိပ္ပံအတန်းစုံတွင် ဂုဏ်ထူးရရှိကြသည့် အသင်းဝင်မိသားစုများ၊ နိုင်ငံအဆင့် ထူးချွန်သောအသင်းဝင်များ၏ အမည်စာရင်းကို ဇန်နဝါရီ ၁၅ရက် နောက်ဆုံးထား၍ ဦးသန်းထွန်း ဖုန်း–၃၇၄၅၃၁၊ ဦးဌေးအောင် ဖုန်း– ၂၄၆၄၉၅၊ ၅၀၃၆၆၇၊ ဦးဘိုနီ ဖုန်း–၇၀၉၀၄၅၊ ဦးဖေကြည် ဖုန်း–၂၈၁၃၅၇နှင့် ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့် (ငြိမ်း) ဖုန်း–၅၂၆၃၄၃တို့သို့ ဆက်သွယ်စာရင်းပေးပို့နိုင်ကြောင်း သိရသည်။ **(က–ပ)**

**မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း၏ ၂၀၀၄ခုနှစ် (၁၁)ကြိမ်မြောက် အသင်းသားစုံညီနှစ်ပတ်လည်အစည်းအဝေးကို ဒီဇင်ဘာ၁၇ ရက်က ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးထိန်ဝင်း အဖွင့်အမှာစကားပြောကြားစဉ်။** (က–ပ)



## မဟာစည်ပုံတော်ဗိမာန် အနုမောဒနာတရားတော်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ကမ္ဘာ့သာသနာပြု ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး ၁၃၃၉ ခုနှစ် ဓာတိဆိပ်ခွန်ရွာပုံတော် ရပ်တုဖွင့်ပွဲတွင် ဟောကြားခဲ့သည့် တရားတော်များကိုစုစည်း၍ ပုံတော်ဗိမာန်အနုမောဒနာသြဝါဒ တရားတော်အမည်ဖြင့် ဒီဇင်ဘာ ၂၆ ရက်တွင် ကျရောက်မည့် မဟာစည်သက်တော်ရာပြည့် အထိမ်းအမှတ်အဖြစ် ထုတ်ဝေပူဇော်လိုက်ရာ ညောင်ကန်စာပေ အမှတ် ၆ အင်းစိန်လမ်းမကြီး အရှေ့ကြို့ကုန်းရပ်ကွက် ဖုန်း–၆၄၂၂၁၉ သို့ ဆက်သွယ်မှာယူ ပူဇော်နိုင်ကြောင်း သိရသည်။ **(က–ပ)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၀–၁၂–၂၀၀၄ (တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၁၅ ၇။ ကချင်ပြည်နယ် မိုးကောင်းတံတား
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Grammar made Easy
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၁၇:၁၅ ၆။ အကပဒေသာ
- ၁၇:၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
- ၁၇:၄၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
- ၁၇:၅၀ ၉။ သုံးဆယ်ရေလှောင်တမံ
- ၁၇:၅၅ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၁၈:၀၅ ၁၁။ Discovery
- ၁၈:၁၀ ၁၂။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဂူခုန်း"** (အပိုင်း–၅၁)
- ၁၈:၃၀ ၁၃။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၅။ မြန်မာစာ မြန်မာစကား
- ၁၉:၂၅ ၁၆။ တေးဂီတအစီအစဉ်
- ၁၉:၄၀ ၁၇။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
- ၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ ပဉ္စမအကြိမ် တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲ(အပိုင်း–၄)
- ၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သံစဉ်မဲ့ချစ်သူ"** (အပိုင်း–၂၂)
- ၂၃။ နောက်တစ်နေ့အစီအစဉ်

# စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင်အသေးအဖွဲ့လုပ်ငန်းဟူ၍သဘောမထားဘဲ လုပ်ငန်းတိုင်းကိုသတ်မှတ်စံချိန်စံညွှန်းများနှင့်ညီညွတ်စေရန်စနစ်တကျဆောင်ရွက်





**ရှင်းလင်းတင်ပြ**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း၌ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများကို ရှင်းလင်းတင်ပြစဉ်။**

(သတင်းစဉ်)

✡ **ရွှေဖုံးမှ**

**ရဲရွာရေအားလျှပ်စစ်စီမံကိန်းရောက်ရှိ**

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ရဲရွာရေအားလျှပ်စစ်စီမံကိန်းမှ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဒုတိယဝန်ကြီးဦးမျိုးမြင့်၊ စွမ်းအင်ဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ဒုတိယဝန်ကြီး ဦးမျိုးမြင့်က လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက လျှပ်စစ်ဓာတ်အား တိုးချဲ့ရရှိရေးအတွက် လျှပ်စစ်ဖွံ့ဖြိုးရေးစီမံကိန်း ၁၂ခုကို လက်ငင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ၌ ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် စီမံကိန်းကြီးတစ်ခုအဖြစ် ပါဝင်လျက်ရှိပါကြောင်းဖြင့် ပဏာမ ရှင်းလင်းတင်ပြသည်။

## ရဲရွာရေအားလျှပ်စစ်စီမံကိန်း

- ❒ **မန္တလေးမြို့ အရှေ့တောင်ဘက် ၃၁ မိုင်အကွာ မြစ်ငယ်မြစ်ပေါ်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေးက တာဝန်ယူတည်ဆောက်လျက်ရှိသည်။**
- ❒ **ရဲရွာရေအားလျှပ်စစ် စီမံကိန်းပြီးစီးပါက ကမ္ဘာပေါ်တွင် အကြီးစားစာရင်းဝင် ကွန်ကရစ်တမံတစ်ခုအဖြစ် တည်ရှိမည်။**
- ❒ **ခေတ်မီစက်ယန္တရားများ၊ စက်ကိရိယာများအသုံးပြု၍ အလျား ၂၂၆၄ပေ၊ အမြင့် ၄၃၃ပေရှိ ကွန်ကရစ်တမံ အမျိုးအစား ပင်မတမံကြီး တည်ဆောက်သွားမည်ဖြစ်သည်။**
- ❒ **ကန်ရေပြည့်ရေလှောင်ပမာဏမှာ ၂၁ဒသမ ၁၄ သိန်းဧကပေရှိမည်ဖြစ်ပြီး စက်တစ်လုံးလျှင် ၁၉၇ ဒသမ ၅ မဂ္ဂါဝပ်စီ ထုတ်လုပ်သော စက်လေးလုံးတပ်ဆင်မည်ဖြစ်ရာ လျှပ်စစ်ဓာတ်အား စုစုပေါင်းမဂ္ဂါဝပ် ၇၉၀ ထုတ်ယူရရှိမည်။**
- ❒ **ရရှိလာမည့်ဓာတ်အားများကို ရွှေစာရံ၊ ဘယ်လင်းနှင့် မိတ္ထီလာတို့၌ ဓာတ်အားခွဲရုံများ တည်ဆောက်ကာ မဟာဓာတ်အားလိုင်းနှင့် ဆက်စပ်မိစေရန် စီစဉ်ဆောင်ရွက်သွားမည်။**
- ❒ **နေ့ရောညပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုအခါ စီမံကိန်းလုပ်ငန်းများ၏ ၃၁ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။**

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ဒုတိယဝန်ကြီးက ရေလွှဲဥမင်လိုဏ်နှစ်ခု တည်ဆောက်ပြီးစီးမှုနှင့်အတူ ပင်မတမံတည်ဆောက်နိုင်ရေးအတွက် ဥမင်များမှတစ်ဆင့် မြစ်ငယ်မြစ်ရေ စတင်လွှဲနေမှု၊ ရေတားပန်းတာ(Ring Bund)နှင့် ရေကာနံရံ (Separation Wall) တည်ဆောက်ခြင်း လုပ်ငန်းနှင့် တိုးတက်ပြီးစီးနေမှုအခြေအနေများ၊ ပင်မတမံကို အဆင့်လိုက်တည်ဆောက်သွားမည့်အခြေအနေများ၊ ပင်မတမံတည်ဆောက်ရာတွင် အသုံးပြုမည့် သဘာဝပိုဇိုလန်ရရှိနိုင်မည့်နေရာများနှင့် ခေတ်မီ ပိုဇိုလန်စက်ရုံတည်ဆောက်နေမှုအခြေအနေများ၊ ဘိလပ်မြေနှင့် ပိုဇိုလန်ရောစပ်မှုအချိုးအဆ စမ်းသပ်ခြင်းလုပ်ငန်းများ၊ ရေယူအဆောက်အအုံ တည်ဆောက်နေမှုနှင့် ပြီးစီးမှုများ၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့်နေရာနှင့် စီမံကိန်းပြီးစီးပါကတွေ့မြင်ရမည့် အနေအထားများကို ရုပ်ပုံကားချပ်များဖြင့် အသေးစိတ် ရှင်းလင်းတင်ပြသည်။

**ရေလွှဲလုပ်ငန်းပြီးစီး**

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ကမ္ဘာပေါ်တွင် ယနေ့အထိ ကွန်ကရစ်ဖြင့် တည်ဆောက်ထားသည့် တမံပေါင်း ၂၈၇ခု ရှိပါကြောင်း၊ ယခု တည်ဆောက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ် စီမံကိန်း၏ ပင်မတမံမှာ ကွန်ကရစ်တမံ (Roller Compacted Concrete Dam) အမျိုးအစားဖြစ်ပြီး ပြီးစီးပါက ကမ္ဘာပေါ်တွင် အကြီးစားစာရင်းဝင် ကွန်ကရစ်တမံတစ်ခုအဖြစ် တည်ရှိသွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး မြစ်ငယ်မြစ်ရေလွှဲခြင်းလုပ်ငန်းကို ယခု ဒီဇင်ဘာ ၁၁ ရက်တွင် အောင်မြင်စွာ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။



**မန္တလေးမြို့ အရှေ့တောင်ဘက် ၃၁ မိုင်အကွာ မြစ်ငယ်မြစ်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေးက တာဝန်ယူတည်ဆောက်လျက်ရှိသည့် ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းကို ဤသို့တွေ့ရသည်။**

(သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်တွင် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးမြင့်က ပင်မတမံတည်ဆောက်ရာသို့ ကွန်ကရစ်များကို Conveyor Belt များဖြင့် သယ်ပို့ထားမှုတို့ကို ပုံစံငယ်ဖြင့် ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

## ဖြည့်စွက်တင်ပြ

ဗိုလ်ချုပ်မှူးကြီး၏ လမ်းညွှန်ချက်နှင့်အညီ ဘိလပ်မြေနှင့် ကုန်ကြမ်းပစ္စည်းများသယ်ယူမည့် ကျောက်ဆည်-ရဲရွာ-ဆင်မင်း ဘိလပ်မြေစက်ရုံကားလမ်းကိုလည်း ဖောက်လုပ်လျက်ရှိပါကြောင်း၊ စီမံကိန်းအတွက် မရှိမဖြစ်လိုအပ်သည့် ဒုဋ္ဌဝတီမြစ်ကူးတံတား (ရဲရွာ)ကိုလည်း တည်ဆောက်ပြီးစီးခဲ့ပြီး ယခုနှစ် ဇူလိုင်၃၁ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ စီမံကိန်းပြီးစီးပါက ရရှိလာမည့် ဓာတ်အားများကို ရွှေစာရံ၊ ဘယ်လင်းနှင့် မိတ္ထီလာတို့၌ ဓာတ်အားခွဲရုံများ တည်ဆောက်၍ မဟာဓာတ်အားလိုင်းနှင့် ဆက်စပ်မိစေရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ဒီဇင်ဘာ ၁၁ရက်တွင် ရေလွှဲဥမင်လိုဏ်များမှတစ်ဆင့် မြစ်ငယ်မြစ်ရေကို အောင်မြင်စွာလွှဲနိုင်ခဲ့မှုကို မှတ်တမ်းတင်ထားသည့် ဗီဒီယိုပြသသည်။

## အလေးထားဆောင်ရွက်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ပေးထားသည့် အချိန်ကာလထက် ဖြစ်နိုင်သမျှစော၍ ပြီးစီးအောင် ကြိုးကြိုးစားစားဆောင်ရွက်၍ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးသွားရန် လိုကြောင်း။

စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသေးအဖွဲ လုပ်ငန်းဟူ၍ သဘောမထားဘဲ လုပ်ငန်းတိုင်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့် ညီညွတ်စေရန် စနစ်တကျ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရဲရွာစီမံကိန်းသည် ကြီးမားသည့် စီမံကိန်းလုပ်ငန်းကြီးဖြစ်၍ ပို၍သတိပြုအလေးထား ဂရုစိုက်ဆောင်ရွက်သွားရန် ဖြစ်ကြောင်း။

## လမ်းညွှန်မှာကြား

ထို့ပြင် စီမံကိန်း၌ ပစ္စည်း၊ ငွေကြေးတို့ကို အလေအလွင့် အဆုံးအရှုံးမရှိစေဘဲ မကုန်ကျသင့်သည်များ မကုန်ကျရအောင် အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် လမ်းညွှန်မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စီမံကိန်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် Colenco Power Engineering Co., Ltd.မှ စီမံကိန်းဒါရိုက်တာ Mr. Fischer ၏အား သစ်သီးခြင်းလက်ဆောင် ပေးအပ်သည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် စီမံကိန်းရှင်းလင်းဆောင်ရှိရုရပ်မှ ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုကြသည်။

## လှည့်လည်စစ်ဆေး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဒုဋ္ဌဝတီတံတား (ရဲရွာ)တည်ဆောက်ပြီးစီးမှုကို လည်းကောင်း၊ စက်ယန္တရားကြီးများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများကို လည်းကောင်း၊ စီမံကိန်းလုပ်ငန်းများ ပြီးစီးမှုအခြေအနေကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် RCC Batching Plant, CVC Batching Plant, Ice Plant စသည့် ကွန်ကရစ်ဖျော်စက်များနှင့် ရေခဲစက်ရုံ တည်ဆောက်သည့်နေရာသို့ ရောက်ရှိကြရာ RCC ကွန်ကရစ်စက်များနှင့် ဆက်စပ်အဆောက်အအုံများ ဆောက်လုပ်ရန် စီစဉ်ထားမှု၊ ပင်မတမံတည်ဆောက်ရာသို့ ကွန်ကရစ်များကို Conveyor Belt များဖြင့် သယ်ပို့ရေးစီစဉ်ထားမှုတို့နှင့်စပ်လျဉ်း၍ ပုံစံငယ်ဖြင့် ဒုတိယဝန်ကြီးဦးမျိုးမြင့်နှင့် ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်တို့က ရှင်းလင်းပြသကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ကွန်ကရစ်ဖျော်ရာတွင် အသုံးပြုမည့်ပစ္စည်းများ၊ သဘာဝပိုဇိုလန် နမူနာများကိုလည်းကောင်း၊ RCC ကွန်ကရစ်ဖျော်စက် နှင့် CVC ကွန်ကရစ်ဖျော်စက် တည်ဆောက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

## မဂ္ဂါဝပ်၇၉၀ထုတ်လုပ်မည်

ရဲရွာရေအားလျှပ်စစ်စီမံကိန်းတွင် ခေတ်မီစက်ယန္တရားများ၊ စက်ကိရိယာများအသုံးပြု၍ အလျား၂၂၆၄ပေ၊ အမြင့်၄၃၃ပေရှိ RCC ကွန်ကရစ် တမံအမျိုးအစားပင်မတမံကြီး တည်ဆောက်သွားမည်ဖြစ်သည်။ စီမံကိန်းပြီးစီးပါက ကန်ရေပြည့်ရေလှောင် ပမာဏမှာ ၂၁ ဒသမ ၁၄ သိန်း ဧကပေ ရှိမည်ဖြစ်ပြီး စက်တစ်လုံးလျှင် ၁၉၇ ဒသမ ၅မဂ္ဂါဝပ်စီထုတ်လုပ်နိုင်သော စက်လေးလုံး တပ်ဆင်သွားမည်ဖြစ်ရာ လျှပ်စစ်ဓာတ်အားစုစုပေါင်း မဂ္ဂါဝပ် ၇၉၀ ထုတ်လုပ်ရရှိမည့် စီမံကိန်းကြီးဖြစ်သည်။

ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၂)တည်ဆောက်ရေးညွှန်ကြားရေးမှူးနှင့် စီမံကိန်းဝန်ထမ်းများက စီမံကိန်းလုပ်ငန်းများကို နေ့ရောညပါကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုအခါ စီမံကိန်းလုပ်ငန်းများ၏ ၃၁ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။ **(သတင်းစဉ်)**

## ● ကျောဖုံးမှ

ကောင်စီဥက္ကဋ္ဌ၊ သုံးခွစံပြကျေးရွာ လျှပ်စစ် မီးလင်းရေးကော်မတီ ဥက္ကဋ္ဌနှင့် ဒိုက်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးတို့က စပါးခွံ ဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြသည်။

### ဖွင့်လှစ်ပေး

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက စပါးခွံဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

### လျှပ်စစ်ဓာတ်အားစတင်လွှတ်

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်မှထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အားများကို စက်ခလုတ်နှိပ်ကာ ကျေးရွာသို့ လျှပ်စစ်ဓာတ်အားများ စတင်လွှတ်ပေးသည်။

တိုင်းမှူးနှင့် ဝန်ကြီးတို့သည် စပါးခွံ ဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်အား ကြည့်ရှုစစ်ဆေးရာ စက်တီထွင်ထုတ်လုပ်သူ ဦးစိုးတင့်အောင်က ရှင်းလင်းတင်ပြသည်။

### ၅၀ကေဗွီအေထုတ်လွှတ်

အဆိုပါ စပါးခွံ ဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ကို ရန်ကုန်မြို့ မြန်မာ့တီထွင်သူများ သမဝါယမအသင်းမှ တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး မြင်းကောင်ရေ ၁၀၀အားရှိ တီအီး ၁၁အင်ဂျင်ကို စပါးခွံမှထုတ်ယူရရှိသည့်ဓာတ်ငွေ့ဖြင့်လည်ပတ်စေပြီး ၅၀ ကေဗွီအေဒိုင်နမိုဖြင့် လျှပ်စစ်ဓာတ်အားများ ထုတ်လွှတ်ပေးလျက်ရှိသည်။

### လျှပ်စစ်ဓာတ်အားသုံးစွဲမှုများ

စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်မှ ထွက်ရှိသည့် လျှပ်စစ် ဓာတ်အားများကို ဓာတ်တိုင် ၁၀၃တိုင် စိုက်ထူ၍ အရှည် ၂ဒသမ၅ မိုင် လျှပ်စစ်ကြိုးသွယ်တန်းကာ အိမ်သုံးနှစ်ပေ မီးချောင်း ၄၂၀၊ လမ်းမီး ၈၇ချောင်း၊ စေတီပုထိုးများသို့ အချောင်း၄၀၊ ဘုန်းတော်ကြီးကျောင်းများသို့ မီးချောင်း၂၀နှင့် အထက(ခွဲ)၊ ဆေးပေးခန်း၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ တိုက်နယ်ဆေးရုံများသို့ ညနေ ၆နာရီမှ ည ၁၁နာရီအထိ လျှပ်စစ်မီး ပြည့်ဝစွာ ပေးထားပြီး ကျေးရွာအတွင်းရှိ ရောင်စုံရုပ်မြင်သံကြားစက်အလုံး၃၀၊ အောက်စက် ၂၅လုံး၊ တီဗွီစလောင်း ခြောက်လုံး၊ Inverter ၁၀လုံးနှင့် Amplifier ၆နှင့် ရေမော်တာများပါ အသုံးပြုလျက်ရှိသည်။

### နိုင်ငံခြားငွေချွေးခြံနိုင်

ထို့ပြင် စပါးခွံဓာတ်ငွေ့အသုံး ပြုပြီး လျှပ်စစ်ဓာတ်အား ပေးနိုင်ပြီဖြစ်ရာ တစ်ရက်(၆နာရီ)အတွက် ဒီဇယ်ဆီ ၁၄ဒသမ၃ဂါလန်နှင့် တစ်လ (ရက်၃၀)လျှင် ဒီဇယ်ဆီ ၄၂၉ဂါလန် အသုံးပြုရန်မလိုသည့်အတွက် နိုင်ငံခြားငွေသုံးစွဲရမှု ချွေးခြံချွေတာနိုင်ခဲ့ကြောင်း သိရသည်။

### အထောက်အကူပြု

ဒိုက်ဦးမြို့နယ် သုံးခွစံပြကျေးရွာတွင် စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် နေအိမ်နှင့်လမ်းများ လျှပ်စစ်မီးလင်းကာ ဂြိုဟ်တုစလောင်းရုပ်မြင်သံကြားစက်များ ကြည့်ရှုနိုင်ကြပြီး စာပေများ လေ့လာဖတ်ရှုနိုင်ခြင်းကြောင့် အသိပညာဗဟုသုတများ တိုးပွားလာကာ ကျေးရွာ လုံခြုံရေးအတွက်ပါ ပိုမိုအထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့၌ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် General Logistics Department မှ Deputy Chief ဖြစ်သူ Lieutenant General Sun Zhiqiang ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ခဲ့ပြီးနောက် ယနေ့ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

## ခရီးစဉ်မှတ်တမ်းပေးအပ်

ယင်းသို့မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အထူးဧည့်ခန်းဆောင်၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Lieutenant General Sun Zhiqiang အား ချစ်ကြည်ရေးခရီးစဉ်မှတ်တမ်းတင် ဓာတ်ပုံအယ်လ်ဘမ်နှင့် ဗီဒီယိုတိပ်ခွေတို့ကို ပေးအပ်သည်။

## ပို့ဆောင်နှုတ်ဆက်

ထို့နောက် ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Lieutenant General Sun Zhiqiang နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် လေကြောင်းခရီးဖြင့်ထွက်ခွာကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီး ဉာဏ်ထွန်း၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Jinjun၊ စစ်သံမှူး Senior Colonel Ma Shoudon နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။



**(ဝဲပုံ) (သတင်းစဉ်)**

**တိမ်ဖြစ်ထွန်းမည်**

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။**

# သာသနာဝေဖြာ တေဇာ လင်းတော့မည်

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို ခမ်းနားထည်ဝါ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပေသည်။ အာရှတိုက်၊ ဥရောပတိုက်၊ အမေရိကတိုက် (တောင်-မြောက်)နှင့် ဩစတြေးလျတိုက်၊ အာဖရိကတိုက်တို့မှ နိုင်ငံပေါင်း ၃၈နိုင်ငံက ထေရဝါဒနှင့် မဟာယာန ရဟန်းတော်များ၊ ဗုဒ္ဓဘာသာဆိုင်ရာ သာသနာရေး အသင်းအဖွဲ့ခေါင်းဆောင်များ အင်တိုက်အားတိုက် တက်ရောက်ခဲ့ကြသဖြင့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးဟူသော အမည်နာမနှင့် လိုက်လျောညီထွေ ကြီးကျယ်ခမ်းနားလှပါပေသည်။

**ဤနိုင်ငံကို ဘုရားရိပ်၊ တရားရိပ်၊ သာသနာရိပ်တို့က လွှမ်းခြုံလျက်ရှိသည်။ ထူးခြားမြင့်မြတ်သော ရေ၊ မြေ၊ ဒေသ ဖြစ်သည်။ လောဘ၊ ဒေါသ၊ မောဟ အမိုက်မှောင်များ လွှမ်းခြုံထားသော ဤကမ္ဘာလောက၌ ဤနိုင်ငံ၊ ဤဒေသသည် မေတ္တာတရား၏ထွန်းကားရာ၊ ကရုဏာတရား၏ ပွင့်လင်းရာ၊ ဗြဟ္မစိုရ်တရား၏ လွှမ်းခြုံရာ ဖြစ်ပေသည်။**

ထို့အပြင် သံဃရာဇာ သာသနာပိုင်ဆရာတော်ကြီးများ၊ ဗုဒ္ဓဘာသာ ဂိုဏ်းချုပ်များ၊ ဂိုဏ်းအကြီးအကဲများ ကြွရောက်ချီးမြှောက်ကြသည်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်တိုင် ညီလာခံကြီးသို့ လာရောက်၍ ဆရာတော်ကြီးများအား ဖူးမြော်ကန်တော့ခြင်း၊ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ဆက်ကပ်လှူဒါန်းခြင်းဖြင့် ညီလာခံကြီးအား ဂုဏ်ပြုခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အဖွင့်အမှာစကား ပြောကြားခြင်း၊ နီဂိုးချုပ်စကား ပြောကြားခြင်း၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်၊ လာအိုနိုင်ငံ ဝန်ကြီးချုပ်၊ သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့ ကိုယ်တိုင်တက်ရောက်၍ ဂုဏ်ပြုသဝဏ်လွှာများ ဖတ်ကြားခြင်းများကို တွေ့မြင်ရသဖြင့် ဘာသာရေးအပိုင်းမှ ထိပ်သီးခေါင်းဆောင်များ၊ ထေရဝါဒနိုင်ငံများမှ အစိုးရအဖွဲ့ ထိပ်သီးခေါင်းဆောင်များ တက်ရောက်ကြခြင်းကြောင့် "ထိပ်သီး"ညီလာခံဟူသော အမည်နှင့် လိုက်လျောညီထွေ ရှိပါပေသည်။

ညီလာခံသို့ တက်ရောက်လာကြသော ညီလာခံကိုယ်စားလှယ်များသည် ဗုဒ္ဓဘာသာတရားတော် အရှည်တည်တံ့ခိုင်ခံ့ရေး၊ တိုးတက်စည်ပင်ပြန့်ပွားရေး အတွက် စာတမ်း ၁၁စောင် ဖတ်ကြားတင်သွင်းခဲ့ကြသည်။ ယင်းဖတ်ကြားတင်သွင်းလာသော စာတမ်းများကို ခေါင်းစဉ်လေးခုခွဲပြီး အုပ်စုလေးစုဖွဲ့ကာ အားတက်သရော စိတ်ပါဝင်စားစွာ ဆွေးနွေးခဲ့ကြသည်။ အချေအတင် အမေးအဖြေ ပြုလုပ်ဆွေးနွေးခဲ့ကြသည်။

ယင်းသို့ အုပ်စုအလိုက် ဆွေးနွေးရာမှရရှိလာသော အချက်များကို တတိယနေ့ နံနက်ပိုင်းတွင် ကိုယ်စားလှယ် ၃၀၀ကျော်တို့ တစ်ဖွဲ့တည်း ပူးပေါင်း၍ စုပေါင်းဆွေးနွေးပြီး သဘောတူညီမှုရရှိသော အောက်ဖော်ပြပါ အချက်ကိုးချက်တို့ကို ညီလာခံကြီး၏ ပူးတွဲကြေညာချက်အဖြစ် အတည်ပြု လက်မှတ်ရေးထိုးပြီး ထုတ်ပြန်နိုင်ခဲ့ပေသည်။

၁။ ဗုဒ္ဓ၏ တရားဒေသနာတော်ကို မူလအတိုင်း သန့်ရှင်းစင်ကြယ်စွာ ထိန်းသိမ်းထားရန် ဆုံးဖြတ်ပါသည်။

၂။ ဗုဒ္ဓ၏ တရားဒေသနာတော်ကို တိုးတက်ကြီးပွား ပျံ့နှံ့စေရန် ကြိုးပမ်းသွားပါမည်။

၃။ သမိုင်းဝင် သာသနိကအဆောက်အအုံများကို ကာကွယ်စောင့်ရှောက်ရန်၊ ထိန်းသိမ်းရန်နှင့် မူလအခြေအနေရောက်အောင် ပြုပြင်ရန် ကြိုးပမ်းသွားပါမည်။

၄။ ဗုဒ္ဓ၏ မွန်မြတ်သောမေတ္တာ၊ ကရုဏာ၊ ဥပေက္ခာဟူသည့် တရားတော်ကို ပြန့်ပွားစေခြင်းဖြင့် ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းသာယာဝပြောရေးကို ဖော်ဆောင်ရန် ကြိုးပမ်းသွားပါမည်။

၅။ ဗုဒ္ဓဘာသာဝင်တို့၏ စည်းလုံးညီညွတ်ရေးကို ဖော်ဆောင်ပြီး ကမ္ဘာတစ်ဝန်း ဗုဒ္ဓဘာသာဝင်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှု တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းသွားပါမည်။

၆။ ခေတ်မီ နည်းပညာများအသုံးပြု၍ ဗုဒ္ဓဘာသာပညာရေးတိုးတက်မြင့်မားအောင် ကြိုးပမ်းသွားပါမည်။

၇။ အယူအဆများ ဆွေးနွေးဖလှယ်ရန်နှင့် အပြန်အလှန်နားလည်မှု တိုးတက်စေရန်အတွက် ဗုဒ္ဓဘာသာညီလာခံများကို မကြာခဏ ကျင်းပသွားရန် ကြိုးပမ်းသွားပါမည်။

၈။ ကမ္ဘာ့လူသားများအား မျှဝေပေးခြင်းအားဖြင့် လူတစ်ဦးချင်းစီ၏ ငြိမ်းချမ်းရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဗုဒ္ဓဘာသာ ကမ္မဋ္ဌာန်းတရားကို ပျံ့နှံ့အောင် ကြိုးပမ်းသွားပါမည်။

၉။ ဗုဒ္ဓဘုရားရှင်၏ တရားဒေသနာတော်များ ပိုမိုထိရောက်စွာ ပြန့်ပွားစေရန်အတွက် ကမ္ဘာတစ်ဝန်း ဗုဒ္ဓဘာသာရိပ်သာများ တိုးချဲ့ဖွင့်လှစ်ရန် လိုအပ်သည်ဟု ယုံကြည်ပါသည်။

**မောင်အံ့ (မဟာဝိဇ္ဇာ-ဘုံဗေ)**

ယင်းကဲ့သို့ သဘောတူထုတ်ပြန်နိုင်ခဲ့ခြင်းသည် အနာဂတ် ဗုဒ္ဓသာသနာတော်မြတ်ကြီးအတွက် အားတက်ဖွယ်ရာ ဖြစ်ပေသည်။ သာသနာဝေဖြာလျက် တေဇာလင်းတော့မည်ဟု ကြွေးကြော်နိုင်ပေပြီ။ ဤကဲ့သို့ ကမ္ဘာ့ ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းမှာ မြန်မာနိုင်ငံ မြန်မာ့မြေ၊ ရေ၊ မြန်မာနိုင်ငံသားတို့၏ ထူးခြားသည့်အခြေအနေများ၊ အခြေခံအကြောင်းတရားများကြောင့်ဖြစ်သည်ဟု ဆိုရပေမည်။ ယင်းအခြေခံ အကြောင်းတရားများကို နောက်ကြောင်းပြန်၍ သမိုင်းစာမျက်နှာလှန်ရသော်-

**သဗ္ဗညုဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် ၄၉ ရက်မြောက်တွင် မြန်မာနိုင်ငံ ဥက္ကလာပတိုင်း ပေါက္ခရဝတီမြို့မှ တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့သည် မြတ်စွာဘုရားရှင်အား သွားရောက်ဖူးမြော်၍ ပျားမုန့်ဆွမ်း ဆက်ကပ်ခဲ့ကြသည်။ ဒွေဝါစိက သရဏဂုံခံယူခဲ့ကြ၍ လူသားအပေါင်းတို့တွင် ပထမဦးဆုံး ဗုဒ္ဓဘာသာဝင်နှစ်ယောက် ပေါ်ထွန်းခဲ့သည်မှာ မြန်မာနိုင်ငံသားများဖြစ်ကြ၍ ဂုဏ်ယူဖွယ်ရာ ဖြစ်ပေသည်။ မြတ်စွာဘုရားရှင်ထံမှ ဆံတော်ရှစ်ဆူရရှိခဲ့၍ ယင်းဆံတော်များကို ဌာပနာပြီးလျှင် ရွှေတိဂုံစေတီတော်ကို တည်ထားခဲ့ရာ လူ့ပြည်လူ့လောကရှိ စေတီတော်အပေါင်းတို့တွင် မြန်မာနိုင်ငံရှိ ရွှေတိဂုံစေတီတော်သည် ပထမဦးဆုံးစေတီတော် ဖြစ်ပေသည်။**

သဗ္ဗညုဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် ၄၉ ရက်မြောက်တွင် မြန်မာနိုင်ငံ ဥက္ကလာပတိုင်း ပေါက္ခရဝတီမြို့မှ တဖုဿနှင့် ဘလ္လိကကုန်သည် ညီနောင်တို့သည် မြတ်စွာဘုရားရှင်အား သွားရောက်ဖူးမြော်၍ ပျားမုန့်ဆွမ်းဆက်ကပ်ခဲ့ကြသည်။ ဒွေဝါစိက သရဏဂုံခံယူခဲ့ကြ၍ လူသားအပေါင်းတို့တွင် ပထမဦးဆုံး ဗုဒ္ဓဘာသာဝင်နှစ်ယောက် ပေါ်ထွန်းခဲ့သည်မှာ မြန်မာနိုင်ငံသားများဖြစ်ကြ၍ ဂုဏ်ယူဖွယ်ရာ ဖြစ်ပေသည်။ မြတ်စွာဘုရားရှင်ထံမှ ဆံတော်ရှစ်ဆူရရှိခဲ့၍ ယင်းဆံတော်များကို ဌာပနာပြီးလျှင် ရွှေတိဂုံစေတီတော်ကို တည်ထားခဲ့ရာ လူ့ပြည်လူ့လောကရှိ စေတီတော်အပေါင်းတို့တွင် မြန်မာနိုင်ငံရှိ ရွှေတိဂုံစေတီတော်သည် ပထမဦးဆုံးစေတီတော် ဖြစ်ပေသည်။

မြတ်စွာဘုရားရှင် ရှစ်ဝါမြောက်၌ အရှင်ဂဝံပတိ ရဟန္တာမထေရ်၏ ပင့်ဆောင်ချက်အရ သုဝဏ္ဏဘူမိအမည်ရှိသော သထုံ၊ ဘီးလင်းဒေသသို့ သံဃာတော်နှစ်သောင်းခြံရံလျက် မြတ်စွာဘုရားကိုယ်တော်တိုင် ကောင်းကင်ခရီးမှ ဈာန်ယာဉ်စီးကာ ကြွရောက်တော်မူခဲ့၍ ဆံတော်များ ချီးမြှင့်တော်မူခဲ့သဖြင့် ကျိုက်ထီးရိုး၊ ကေလာသ၊ မြသပိတ်၊ ဖွဲကပင်စေတီတော်များ တည်ထားကိုးကွယ်ခဲ့ရသည်။

မြတ်စွာဘုရားရှင် ဝါတော် ၂၀ အရတွင် အရှင်ပုဏ္ဏမထေရ်၏ တောင်းပန်လျှောက်ထားမှုကြောင့် မြန်မာနိုင်ငံ မင်းဘူး၊ ဝါဏိဇ္ဇဂါမ၌ ကုန်သည် စူဠပုဏ္ဏ ဆောက်လုပ်လှူဒါန်းသော "စန္ဒကူးကျောင်းတော်"ကို ကြွရောက်အလှူခံတော်မူခဲ့သည်။

ထိုသို့ ကြွရောက်တော်မူစဉ် သစ္စဗန္ဓတောင်ထိပ်၌ ခြေတော်ရာတစ်ဆူကိုလည်းကောင်း၊ ယင်းတောင်အောက်ရှိ နမ္မဒါမြစ်ကမ်းဘေး၌ ခြေတော်ရာတစ်ဆူကိုလည်းကောင်း ချထားတော်မူခဲ့သည်။ အထက်စက်တော်ရာ၊ အောက်စက်တော်ရာဟူ၍ ယနေ့တိုင် ထင်ရှားဖူးတွေ့နိုင်ပေသည်။ "စန္ဒကူးကျောင်းတော်"နေရာ၌ တည်ထားသော ကျောင်းတော်ရာဘုရားကိုလည်း ယနေ့တိုင် ဖူးတွေ့နိုင်ပါသည်။ မြတ်စွာဘုရားကျိန်းစက်တော်မူခဲ့သော နေရာ၌ "ရှင်ပင်စက္ကိန်းတဲ"စေတီတော် တည်ထားကိုးကွယ်ခဲ့ကြသည်။ မြတ်စွာဘုရားလျောင်းတော်မူသော "သလွန်တော်"ကို ဧရာဝတီမြစ် အရှေ့ဘက်ကမ်းသို့ ပင့်ဆောင်၍ ဌာပနာထည့်သွင်း စေတီတည်ထားကိုးကွယ်ခဲ့ရာ "မြသလွန်စေတီတော်"ကို အထင်အရှားဖူးတွေ့နိုင်ပေသည်။

တတိယသင်္ဂါယနာတင်ပြီးနောက် ကိုးတိုင်း၊ ကိုးဌာန သာသနာပြုစေလွှတ်ခဲ့ရာတွင် သုဝဏ္ဏဘူမိအမည်တွင်သော မြန်မာနိုင်ငံ သထုံ၊ ဘီးလင်းဒေသသို့ ရဟန္တာ အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်တို့ ကြွရောက်သာသနာပြုတော်မူခဲ့ကြသည်။

ဗုဒ္ဓသာသနာသမိုင်းတစ်လျှောက် သင်္ဂါယနာခြောက်တန် တင်ခဲ့ပြီးဖြစ်၍ ပထမသင်္ဂါယနာ၊ ဒုတိယသင်္ဂါယနာ၊ တတိယသင်္ဂါယနာတို့ကို အိန္ဒိယပြည်၌ ပြုလုပ်ခဲ့သည်။ ပေထက်အက္ခရာတင် စတုတ္ထသင်္ဂါယနာကို သီရိလင်္ကာ သီဟိုဠ်ကျွန်း၌ ပြုလုပ်ခဲ့သည်။ ကျောက်ထက်အက္ခရာတင် ပဉ္စမသင်္ဂါယနာကို မြန်မာနိုင်ငံ မန္တလေးမြို့၌ ပြုလုပ်ခဲ့သည်။ ပုံနှိပ်အက္ခရာတင် ဆဋ္ဌသင်္ဂါယနာကို မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံသည် သာသနာတော် အစကနဦးပေါ်ထွန်းချိန်မှစ၍ ယနေ့ခေတ်အချိန်အထိ နှစ်ပေါင်း ၂၆၀၀ခန့်ကြာသည့်တိုင်အောင် ဗုဒ္ဓသာသနာတော်မြတ်ကြီးကို ထိန်းသိမ်းစောင့်ရှောက် အားပေး ချီးမြှောက်ထားနိုင်ခဲ့သည်။ သင်္ဂါယနာခြောက်တန်ဝင် ထေရဝါဒ ပိဋကတ်စာပေများ၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ယောဇနာ၊ ဂဏ္ဌိ၊ နိဿယ၊ မြန်မာပြန်၊ အရကောက်ကျမ်း စသည်ဖြင့် ပြည့်ဝစုံလင်စွာ ထိန်းသိမ်းစောင့်ရှောက်၊ သင်အံလေ့ကျက်၊ ပို့ချသင်ယူလျက် ရှိသဖြင့် ထေရဝါဒ ပရိယတ္တိစာပေ အထွန်းကားဆုံးနိုင်ငံ ဖြစ်ပေသည်။ ပဋိပတ္တိကျင့်စဉ်တို့မှာလည်း လယ်တီဆရာတော်၊ ကနီဆရာတော်၊ မဟာစည်ဆရာတော်၊ မိုးကုတ်ဆရာတော်၊ ဝေဘူဆရာတော်၊ တောင်ပုလုဆရာတော်၊ စွန်းလွန်းဂူဆရာတော်၊ သဲအင်းဂူဆရာတော်၊ ဖားအောက်ဆရာတော် စသည်တို့၏ အာစရိယဝါဒ ကမ္မဋ္ဌာန်းနည်းစုံ၊ နိဿရည်းစုံ သင်ယူအားထုတ်လေ့လာတွေ့ရှိနိုင်ပေသည်။

မြန်မာနိုင်ငံတွင် ရဟန်းသာမဏေ ငါးသိန်းခန့်ရှိ၍ နံနက်ခင်း နေရောင်ခြည်အောက်တွင် ဆွမ်းခံကြွသော ရဟန်းသာမဏေတို့၏ သင်္ကန်းရောင်ကြောင့် တစ်နိုင်ငံလုံးကို ရွှေဝါရောင် ဖုံးလွှမ်းလျက်ရှိသည်။ ကျောင်းကန်၊ ဘုရားများမှာ ရွှေရောင်တလျှပ်လျှပ် ပေါ်ထွက်နေသဖြင့် တစ်နိုင်ငံလုံး ရွှေရောင်လွှမ်းခြုံကာ ရွှေတိုင်းပြည် ဖြစ်နေပေတော့သည်။ စေတီပုထိုးများမှာ အရပ်ရှစ်မျက်နှာ လက်ညှိုးထိုးမလွဲရှိနေသဖြင့် ဘုရားရိပ်ခိုသည့် တိုင်းပြည်ဟု ဆိုနိုင်ပေသည်။ **ဤနိုင်ငံကို ဘုရားရိပ်၊ တရားရိပ်၊ သာသနာရိပ်တို့က လွှမ်းခြုံလျက်ရှိသည်။ ထူးခြားမြင့်မြတ်သော ရေ၊ မြေ၊ ဒေသဖြစ်သည်။ လောဘ၊ ဒေါသ၊ မောဟ အမိုက်မှောင်များ လွှမ်းခြုံထားသော ဤကမ္ဘာလောက၌ ဤနိုင်ငံ၊ ဤဒေသသည် မေတ္တာတရား၏ ထွန်းကားရာ၊ ကရုဏာတရား၏ ပွင့်လင်းရာ၊ ဗြဟ္မစိုရ်တရား၏ လွှမ်းခြုံရာ ဖြစ်ပေသည်။** ဤကဲ့သို့ ထူးမြတ်သော သမိုင်းအခြေခံကောင်းသော၊ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ အင်အားကောင်းသော၊ ရဟန်းသံဃာ အင်အားနှင့် ဗုဒ္ဓဘာသာဝင်အင်အားများပြားသော၊ နိုင်ငံတော်အစိုးရက အင်တိုက်အားတိုက် သာသနာတော်ကို မကြုံစဖူး ထူးကဲစွာ ချီးမြှောက်ထောက်ပံ့နေသော ဤပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို ခံ့ညားထည်ဝါစွာ၊ ကြီးကျယ်စည်ကား အောင်မြင်စွာ ကျင်းပနိုင်ခြင်းသည် သာသနာရောင်ဝါထွန်းစေဖို့ အတိတ်ကောင်း၊ နိမိတ်ကောင်း ဖြစ်ပေသည်။ အခွင့်ကောင်း၊ အခါကောင်း ပေါ်ထွန်းလာခြင်း ဖြစ်သည်။ ဗုဒ္ဓသာသနာတော် တေဇာဖြိုးမောက် တန်ခိုးတောက်မည့်အချိန်အခါရောက်လာပေပြီ၊ **"သာသနာဝေဖြာ တေဇာလင်းတော့မည်"**ဟု ဝမ်းမြောက်စွာ ဥဒါန်းကျူးရင့်လိုက်ရပေသတည်း။ ။

## အုတ်ဖို အထက မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

အုတ်ဖိုမြို့ အခြေခံပညာအထက်တန်းကျောင်းမှ သက်ပြည့်အငြိမ်းစားယူသွားကြသော ဆရာ၊ ဆရာမကြီး ၆၅ ဦးတို့အား ဆင့်မအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက်နေ့လယ်ပိုင်းတွင် အထက ရွှေရတုခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ရပ်ဝေးရောက် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ပူဇော်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

ရပ်ဝေးရောက် ကျောင်းသား ကျောင်းသူဟောင်းများသည် ဒုတိယဗိုလ်မှူးကြီးတင်ကြိုင် ဖုန်း-၆၈၀၉၁၃၊ ဒုတိယဗိုလ်မှူးကြီးအေးသန်းထွန်း(ငြိမ်း) ဖုန်း-၆၆၂၅၁၈၊ ဒုတိယဗိုလ်မှူးကြီးသန်းထွေး(ငြိမ်း) ဖုန်း-၆၅၀၁၉၇၊ ဒေါ်တင်ဝင်းညို ဖုန်း-၆၆၇၈၅၈၊ ဦးချစ်နိုင်(အုတ်ဖို) ဖုန်း-၀၅၃-၃၀၃၀၂/၆၂၊ ဦးသန်းဌေး၊ ဦးဝင်းမြင့်(အုတ်ဖို) ဖုန်း-၀၅၃-၃၀၃၀၂/၁၀၊ ဦးလှကြည်၊ ဦးဖိုးဖိုး ဖုန်း-၀၅၃-၃၀၃၀၂/၆၃ နှင့် ဦးရဲဝင်း (အုတ်ဖို) ဖုန်း-၀၅၃-၃၀၃၀၂/၁၂၆ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

**ကွယ်လွန်သူ ကျေးဇူးရှင် မိဘများဖြစ်ကြသည့် ဦးကျော်မြင့်(မြန်မာ့အလင်းသတင်းစာ အယ်ဒီတာချုပ် ငြိမ်း)နှင့် ဒေါ်စန်းရီတို့အားရည်စူး၍ သားသမီး၊ မြေးများက ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက် ဝိနည်းစာမေးပွဲ စာဖြေဌာန သုံးထပ်တိုက်ကျောင်း ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် ခြောက်သိန်းကို ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ သိရီပဝရ ဓမ္မာစရိယ ဝိနယပါရဂူ ဘဒ္ဒန္တ နရိန္ဒာဘိဝံသထံ ဒီဇင်ဘာ ၁၈ ရက်က ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)



■ *ကျောဖုံးမှ*

ထိုသို့ ထောက်ကူနိုင်ရန်အတွက် နိုင်ငံတော်က ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိသည့်နည်းတူ မြန်မာတိုင်းရင်းဆေးသမားတော်များကလည်း အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲသို့ တိုင်းရင်းဆေး



ပြည်သူများ၏ ကျန်းမာရေးအတွက် ဆေးတစ်လက်အဖြစ် အသိအမှတ်ပြုခြင်းခံရသဖြင့် ဝမ်းသာဂုဏ်ယူမိ။
***ဦးအောင်မိုးကျော်***
*ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း*

ထုတ်လုပ်သူများနှင့်အတူ သစ်တောရေးရာဝန်ကြီးဌာန၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနစသည့် ဝန်ကြီးဌာန ပြခန်းများလည်း ပါဝင်ပြသလျက်ရှိသည်။

သစ်တောရေးရာ ဝန်ကြီးဌာန ပြခန်းတွင် သစ်တောဦးစီးဌာန၏ ပြခန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြခန်းများရှိ နဂါးစကြာ၊ ကမ္ဘာဦးပင်၊ တောရှိန်းခို၊ ရေခဲတောင်ထင်းရှူး၊ ဆေးခါးကြီး၊ ဆူးပန်းတောင်၊ ကြာမှတ်ဆိတ်၊ စင်ကိုနာ၊ ရှားစောင်းလက်ပတ်၊ နတ်ဆေးဂမုန်း၊ ပိတ်ချင်း စသည့် အစွမ်းထက်ဆေးများကို မြန်မာ့အလင်းအဖွဲ့က သွားရောက်လေ့လာခဲ့သည်။

ဆက်လက်၍ မြန်မာ့တိုင်းရင်းဆေး ထုတ်လုပ်သူများကို တွေ့ဆုံမေးမြန်းခဲ့ရာ ရခိုင်ကြီးတိုင်းရင်းဆေးတိုက်မှ ဆရာဦးအောင်မိုးကျော်က "မိမိတို့ ဆေးတိုက်မှထုတ်လုပ်သော ရခိုင်ကြီး အခိုးပွင့်ဆေးသည် အအေးမိ၊ ကိုယ်လက်ကိုက်ခဲခြင်းနှင့် ဖျားနာတုပ်ကွေး ဝေဒနာများကို အထူးသက်သာ ပျောက်ကင်းစေကြောင်း၊ ဆေးဝါး ထုတ်လုပ်မှုကို ၁၉၉၆ခုနှစ်က စတင် ဆောင်ရွက်ခဲ့ပြီး ဆေးစံချိန်စံညွှန်း ပြည့်မီရေးနှင့် ဆေးစွမ်းအာနိသင်ထက်မြက်မှုကို အဓိကထားကြောင်း၊ ရခိုင်ကြီးတိုင်းရင်းဆေးသည် ပြည်သူများ၏ကျန်းမာရေးအတွက် ဆေးတစ်လက်အဖြစ် အသိအမှတ်ပြုခြင်းခံရသဖြင့် ဝမ်းသာဂုဏ်ယူမိကြောင်း" ပြောကြားသည်။

ယင်းနောက် မြဝတီတောင်ဆိတ်မင်းဆေးတိုက်မှ ဆရာမဒေါ်အေးအေးချို့နှင့် တွေ့ဆုံရာတွင် "ကျွန်မတို့ ဆေးတိုက်က စစ်မှန်သော သဘာဝသစ်ဥ၊ သစ်ဖုများဖြင့် ဖော်စပ်ထားသည့် အနာလိမ်းဆေးတစ်မျိုးတည်း ထုတ်လုပ်လျက်ရှိကြောင်း၊ ဆေးကိုချင်း၊ နနွင်း၊ နှမ်းဆီနှင့် မုန်ညင်းဆီ အစရှိသည့် ဆေးဖက်ဝင် သဘာဝပစ္စည်းများ ပေါင်းစပ်ထုတ်လုပ်ထားကြောင်း၊ မိရိုးဖလာလုပ်ကိုင်လာသည့် လုပ်ငန်းဖြစ်၍ မိဘလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရင်း ခုနစ်ရက် သားသမီး၊ အနာရောဂါဘယ ကင်းဝေးပြီး သက်ရှည်ကျန်းမာစေဖို့ ရည်ရွယ်ချက်ထားရှိကြောင်း၊ ဤဆေးပြပွဲကို ပထမ



ခုနစ်ရက်သားသမီးများ အနာရောဂါဘယကင်းဝေးပြီး သက်ရှည်ကျန်းမာစေဖို့ ရည်ရွယ်ချက်ထားရှိ။ ***ဒေါ်အေးအေးချို***
*ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း*

ဦးဆုံးအကြိမ်ပြသခြင်းဖြင့် အတွေ့အကြုံ ဗဟုသုတများ တိုးပွားရရှိစေကြောင်း" ပြောကြားသည်။

ဆက်လက်၍ စိန်ဘယက်ဆေးတိုက်မှ ဆရာမဒေါ်ချို့ချို့မာကို မေးမြန်းရာ "ရှေးမူမပျက် သန့်ရှင်းလတ်ဆတ်သော ဆေးဖက်ဝင် ပရဆေးပစ္စည်းများဖြင့် စီမံဖော်စပ်ထားသော ကွမ်းရွက်ပုံ ချောင်းဆိုးပျောက်ဆေး၊ ဆောင်းနွေမိုး ချွဲသလိပ်ကြေ မက်လင်ချဉ်လျက်ဆား၊ ရွှေပုပ္ပားကောင် နှလုံး



ဆေးဖက်ဝင် သစ်မြစ်၊ သစ်ဥ၊ သစ်ဖုများအသုံးပြုပြီး ဖော်စပ်ထားသဖြင့် ဘေးထွက်ဆိုးကျိုးမရှိဘဲ ရောဂါဝေဒနာများ သက်သာပျောက်ကင်း။ ***ဒေါ်ချို့ချို့မာ***
*ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း*

သည်းခြေဆေးနှင့် စိန်ဘယက် ငန်းနီကျော်ဆေးများကို အချိုးအစား မှန်ကန်စွာဖြင့် ကျွန်မကိုယ်တိုင် ဖော်စပ်ထုတ်လုပ်ထားကြောင်း၊ ဆေးဖက်ဝင် သစ်မြစ်၊ သစ်ဥ၊ သစ်ဖုတို့ အသုံးပြုပြီး ဖော်စပ်ထားသဖြင့် ဘေးထွက်ဆိုးကျိုးမရှိစေဘဲ ရောဂါဝေဒနာများ သက်သာပျောက်ကင်းလျက်ရှိကြောင်း၊ ပြည်သူများ၏ ကျန်းမာရေးအတွက် တစ်ဖက်တစ်လမ်းမှ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ မိမိတတ်မြောက်ထားသည့် တိုင်းရင်းဆေးပညာဖြင့် မေတ္တာ၊ စေတနာထားဆောင်ရွက်လျက်ရှိကြောင်း" မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရွှေနေမင်း ဆေးတိုက်မှ ဆရာမဒေါ်သန်းသန်းကြည်က "ဆေးပြပွဲကို ပထမဦးဆုံးအကြိမ် ဆေးတိုက်မှ ထုတ်လုပ်သည့် ဆေးပေါင်း ခြောက်မျိုးအနက် အစာကြေအားတိုးဆေး၊ ဆီးဝမ်းလေမှန်ဆေး၊ အဆုတ်ရောဂါပျောက်ဆေး၊ ချောင်းဆိုးပျောက်အသံကောင်းဆေးနှင့် အကြောပြေလိမ်းဆေးတို့ကို ပြသရောင်းချလျက်ရှိကြောင်း၊ ဘိုးဘွားအမွေအနှစ်



ပြည်သူများ၏ ကျန်းမာရေးကိုပါ စောင့်ရှောက်မှုပေးနိုင်လျှင် ပို၍ကုသိုလ်ရမည်ဟု တွေးဆမိပြီး စေတနာရှေ့ထားကာ ဆေးဝါးများထုတ်လုပ်ခဲ့။
***ဒေါ်သန်းသန်းကြည်***
*ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း*

အဖြစ် ကျန်ရစ်သည့်ဆေးပညာကို ကနဦးအစတွင် ဆရာတော်၊ သံဃာတော်များ၊ ဆွေမျိုးသားချင်းနှင့် နီးစပ်ရာ မိတ်ဆွေများကို ကုသပေးလျက်ရှိရာမှ အများပြည်သူများ၏ ကျန်းမာရေးကိုပါ စောင့်ရှောက်လျှင် ပို၍ကုသိုလ်ရမည်ဟု တွေးဆမိပြီး စေတနာရှေ့ထားကာ ဆေးဝါးများကို ထုတ်လုပ်လာကြောင်း၊ အမြတ်အစွန်း



ပြည်သူများ၏ ကျန်းမာရေးလိုအပ်ချက်များကို အစဉ်သဖြင့် စောင့်ရှောက်လာသည်မှာ နှစ်ပေါင်းများစွာကြာမြင့်လာပြီဖြစ်။
***ဦးခင်မောင်ဝင်း***
*ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း*



**စည်ကား**

**ပဌမအကြိမ် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲတွင် သစ်တောရေးရာ ဝန်ကြီးဌာန ပြခန်းသို့ လေ့လာသူများဖြင့် စည်ကားလျက်ရှိစဉ်။**
(မြန်မာ့အလင်း)

ရရှိရေးထက် ကုသိုလ်ရေးကို အထူးအလေးပေးကြောင်း၊ ဆေးပြပွဲကို နိုင်ငံတော်က ခင်းကျင်းပေးပြီး ယခုလို လာရောက်တင်ပြခွင့်ရလို့ နိုင်ငံတော်ကို အထူးပင် ကျေးဇူးတင်မိကြောင်း" ပြောကြားသည်။

ဆက်လက်၍ ရွှေမန်းတောင် ဆေးတိုက်မှ ဆရာဦးခင်မောင်ဝင်းနှင့် တွေ့ဆုံရာတွင် "ရွှေမန်းတောင်ဆေးတိုက်ကို ၁၉၃၃ ခုနှစ်မှ စတင်တည်ထောင်စဉ် ကတည်းက ပြည်သူများ၏ ကျန်းမာရေးလိုအပ်ချက်များကို အစဉ်သဖြင့် စောင့်ရှောက်လာသည်မှာ နှစ်ပေါင်းများစွာကြာမြင့်လာပြီဖြစ်ကြောင်း၊ နာမည်ရပြီးဖြစ်သော ရွှေမန်းတောင်သွေးဆေးအပြင် ပြည်သူ့ကျန်းမာရေးကို အပြည့်အဝ အထောက်အပံ့ပြုရန်အတွက် ချွေးထုတ်ငန်းဆေး၊ ဒေါ်ကြွယ်သွေးဆေး၊ အစာကြေအားဆေး၊ ပန်းပေါင်းစုံ သွေးဆေးအပြင် အားဆေးနှင့် ထုံကျင်ကိုက်ခဲလိမ်းဆေးများကိုပါ ထုတ်လုပ်လျက်ရှိကြောင်း၊ ဆေးဝါးသစ်များ ဆက်လက်ထုတ်လုပ်ပြီး မှတ်ပုံတင်ထားဆဲဖြစ်ကြောင်း၊ ထုပ်ပိုးမှုကို နိုင်ငံတကာအဆင့်မီဖြစ်စေရန် ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး နိုင်ငံတကာသို့ တင်ပို့ရောင်းချရန် အစီအစဉ်ရှိထားပြီးဖြစ်ကြောင်း၊ ရွှေမန်းတောင်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းကို စက်မှုဇုန် (၂) တောင်ဒဂုံ၊ ရန်ကုန်မြို့တွင် အဆင့်မြင့်စက်ရုံများဖြင့် ထုတ်လုပ်လျက်ရှိကြောင်း" ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပန်းဝတ်မှုန် ဆေးတိုက်မှ ဆရာမ ဒေါ်မိမိသက်နှင့် တွေ့ဆုံရာတွင် "ပန်းဝတ်မှုန်ဆေးတိုက်က အပူငြိမ်းဆေး၊ သွေးသန့်ဆေးနှင့် မယ်မြန်မာ ရွှေသွေးဆေး



ဆေးဝါးများကို အမြဲ ဂရုတစိုက် ဆောင်ရွက်သည့်အတွက် သုံးစွဲသူများ စိတ်ချမ်းသာမှုကို ပေးစွမ်းနိုင်။
***ဆရာမဒေါ်မိမိသက်***
*ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း*

တို့ကို ထုတ်လုပ်လျက်ရှိကြောင်း၊ ပန်းဝတ်မှုန် တိုင်းရင်းဆေးဝါးလုပ်ငန်းမှ ဆေးဝါးများသည် အစွမ်းထက်မြက်သော သစ်ဥ၊ သစ်ဖုများဖြင့် ဖော်စပ်ထားသောကြောင့် သုံးစွဲဖူးသူတိုင်း သက်သာပျောက်ကင်းမှုဖြစ်စေနိုင်ကြောင်း၊ ဆေးဝါးထုတ်လုပ်မှုအပိုင်းတွင်လည်း နှုန်းမီစံကိုက်ဖြစ်အောင် အမြဲဂရုတစိုက် ဆောင်ရွက်သည့်အတွက် သုံးစွဲသူများ စိတ်ချမ်းသာမှုကို ပေးစွမ်းနိုင်၍ ထုတ်လုပ်သူအနေဖြင့် ဝမ်းသာမိကြောင်း၊ မြန်မာ့တိုင်းရင်းဆေး ဆက်လက်တိုးတက်ရှင်သန် ထွန်းကားအောင် အစဉ်ကြိုးပမ်းနေမည်ဖြစ်ကြောင်း" ပြောကြားသည်။

ဆက်လက်၍ ကိုဝင်းမြင့် မဘောဘီ မြန်မာဆေးမျိုးစုံဆေးတိုက်မှ ဆရာမ မဘောဘီက "ဆေးပြပွဲကို ယခုနှစ်ပါဆိုလျှင် သုံးကြိမ်တိုင် ဆေးမျိုးစုံကို လာရောက်ပြသ ရောင်းချလျက်ရှိကြောင်း၊ ပြခန်းတွင် စိန်ပုံ အကြောပြေလိမ်းဆေးဆီ၊ ဇီဝက အကြောပြေဆေး၊ ဝင်း ပန်းပေါင်းစုံ ရှုလိမ်းရည်နှင့် ရှုဆေး၊ မဝင်းသွေးဆေး၊ ကြယ်ကလေးတံဆိပ် အနာကပ်ဆေးဖယောင်းချက်နှင့် မက်မပြေဆေးစွမ်းကောင်းများ ရောင်းချပေးလျက်ရှိကြောင်း၊ အချို့ဆေးဝါးများကို လွှဲပြောင်းယူပြီး မူလဆေးညွှန်းအတိုင်း အစွမ်းထက်မြက်သည့် ဆေးဝါးများအဖြစ် မွမ်းမံပြင်ဆင် ထုတ်လုပ်လျက်ရှိကြောင်း၊ ပြပွဲတွင် ခင်းကျင်းပြသရသည့် အကျိုးရလဒ်အဖြစ် မြန်မာ့တိုင်းရင်းဆေးကို ပြည်သူများ ပိုမိုယုံကြည်အားထားလာပြီး အားပေးသုံးစွဲသူများ တိုးပွားလာ၍ အရောင်းရတွင်ကျယ်လျက်ရှိကြောင်း၊ အမှတ် ၄၈၂ ကမ်းနားလမ်းနှင့် ၁၅လမ်းထောင့် လမ်းမတော်မြို့နယ် ရန်ကုန်



မြန်မာ့တိုင်းရင်းဆေးကို ပြည်သူများ ပိုမိုယုံကြည်အားထားလာပြီး အားပေးသုံးစွဲသူများ တိုးပွားလာ၍ အရောင်းရတွင်ကျယ်။ ***မဘောဘီ***
*ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း*

မြို့မှ တိုင်းရင်းဆေးမျိုးစုံကို ဖြန့်ချိလျက်ရှိကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

မြန်မာ့ တိုင်းရင်းဆေးပညာအပေါ် တိုင်းရင်းသားပြည်သူများ ပိုမိုယုံကြည်အားထား ကိုးစားလာမှုရရှိကာ တိုင်းရင်းဆေးဝါးလုပ်ငန်းများ၏ အောင်မြင်မှုရလဒ်ကောင်းများကို မျက်ဝါးထင်ထင် မြင်တွေ့နေရပြီဖြစ်သည်။

ယင်းသို့ရရှိဖြစ်ထွန်းနေပြီ ဖြစ်သည့် အောင်မြင်မှု ရလဒ်များကို ထပ်ဆင့်မြှင့်တင်ရင်း ပြည်သူများအား ထိရောက်ထက်မြက်သည့် ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်ရေး စွမ်းစွမ်းတမံ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။ ॥ **(မြန်မာ့အလင်း)**




**ပဌမအကြိမ် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲတွင် ဂရိတ်ဝေါ တိုင်းရင်းဆေးဝါး လုပ်ငန်းမှ အစွမ်းထက် တိုင်းရင်းဆေး အမျိုးမျိုး ရောင်းချပေးလျက်ရှိရာ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိစဉ်။**
(မြန်မာ့အလင်း)



**ပဌမအကြိမ် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲတွင် မောရိယ တိုင်းရင်းဆေးဝါးလုပ်ငန်းမှ အစွမ်းထက် တိုင်းရင်းဆေး အမျိုးမျိုး ရောင်းချပေးလျက်ရှိရာ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိစဉ်။**
(မြန်မာ့အလင်း)

**ပဌမအကြိမ် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲတွင် ဦးအောင်မြင့် လူပုံတော်ပတ္တမြား အဘယသုခဆေးတိုက်မှ အစွမ်းထက်တိုင်းရင်းဆေးဝါးများရောင်းချပေးလျက်ရှိစဉ်။**
(မြန်မာ့အလင်း)




20-12 (11).p65 1 3/24/05, 7:25 PM



ကြို့ပင်ကောက်မြို့နယ်သိုက်တူးကုန်းနှင့် သိုးဘိုစံပြကျေးရွာ ဆက်သွယ်သည့် ကိုယ့်အားကိုယ်ကိုး မြေသားလမ်း တစ်မိုင်ဖောက်လုပ်မှုလုပ်ငန်းခွင်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က လမ်းကြိတ်စက်ဖြင့် ကူညီဆောင်ရွက်ပေးမှုကို အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (ဝ၄ဝ)

# သထုံမြို့နယ် မိုးကောင်းကျေးရွာ စာကြည့်တိုက်ဖွင့် အလှူငွေနှင့် စာအုပ်များ ပေးအပ်လှူဒါန်း

**သထုံ ဒီဇင်ဘာ ၁၂**

သထုံမြို့ ပုဗ္ဗာရုံဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဦးခေမာစာရ၊ မိုးကောင်းတိုက်အုပ်ဆရာတော် ဦးဝိဇယ(အဂ္ဂပန်း)၊ သထုံခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနတို့က ကြီးမှူး၍ မိုးကောင်းကျေးရွာတွင် မြတ်သောအဖော်မွန် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၆ရက် နံနက်၉နာရီက ကျင်းပသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို ပုဗ္ဗာရုံဆရာတော်၊ မိုးကောင်းတိုက်အုပ် ဆရာတော်၊ သထုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်လွင်၊ သာသနာရေး ဦးစီးအရာရှိ ဦးကျော်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

## ပေးအပ်လှူဒါန်း

ထို့နောက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် အလှူငွေပေးအပ်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ အလှူရှင်ဦးခင်မောင်ဝင်းမိသားစုက ငွေကျပ် ၃၀၀၀၀၊ ဦးအောင်စိုးမိသားစုကငွေကျပ် ၃၀၀၀၀ နှင့် စုပေါင်းအလှူရှင် ၄၈ဦးက ငွေကျပ်နှစ်သိန်း တစ်သောင်းနှင့် စာအုပ်ပေါင်း ၈၀၀ကျော်တို့ကို ပေးအပ်လှူဒါန်းကြသည်။

**(ခရိုင် ပြန်/ဆက်)**



# ပကာရီချောင်းကူးတံတား တည်ဆောက် ထားဝယ်ကျေးရွာများ ရာသီမရွေး သွားလာနိုင်မည်

**ထားဝယ် ဒီဇင်ဘာ ၁၃**

တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်အောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ပေ၃၁၀ အရှည်ရှိ ပကာရီချောင်းကူးတံတား **(အောက်ပုံ)**ကို ဒီဇင်ဘာ ၁၂ရက်က စစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းက ရှင်းလင်းတင်ပြသည်။

အဆိုပါ ပကာရီချောင်းကူးတံတားပြီးစီးပါက ဆန်းချီရွာနှစ်ရွာနှင့် ဒါးသွေးကျောက်၊ အညာဖျား၊ ညောင်ခေါင်း၊ ဆိတ်ချောင်းနှင့် ဥယျာဉ်ကြီးစသည့် ကျေးရွာခုနစ်ရွာရှိ အိမ်ခြေ ၄၀၀မှ လူဦးရေ ၃၀၀၀ခန့်နှင့် စိုက်ပျိုးရေးခြံ ဧက ၅၀၀၀ခန့်သို့ ရာသီမရွေး ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် စည်ပင်)**

# စာအုပ်ငှားနည်းပညာ ဒီပဲယင်းတွင် ဆွေးနွေး

**ဒီပဲယင်း ဒီဇင်ဘာ ၉**

ဒီပဲယင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကဦးစီး၍ စာကြည့်တိုက် အသင်းဝင်များအား စာအုပ်ငှားနည်းပညာ ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂ရက်က ဒီပဲယင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဒုတိယဦးစီးမှူး ဦးမြတင်က မျိုးတူစုလုပ်ငန်း၊ စာကြည့်တိုက် စည်းမျဉ်းနှင့် ကတ်တလောက်နည်းစနစ်ဖြင့် စာအုပ်များငှားယူခြင်းနည်းကို ရှင်းလင်းဆွေးနွေးသည်။

**(မြို့နယ် ပြန်/ဆက်)**



# ဖွံ့ဖြိုး စည်ပင် ကျေးလက်တစ်ခွင်

လှိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ရှုခင်းသာလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂ရက်က အမှုဆောင်အရာရှိ ဦးသန့်ရှင်သိန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးထင်လင်းကျော်တို့ ကွင်းဆင်းဆောင်ရွက်စဉ်။ (နယ်စပ်/စည်ပင်)





ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် ပိုင်ကျုံမြို့အထက် ပိုင်ကျုံကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၁၀ရက်က ကျေးရွာဥက္ကဋ္ဌအိမ်တွင် ကျင်းပရာ အုပ်ချုပ်ရေးမှူးဦးဌေးလွင်ဦး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးစောတီမသေနှင့် ကျေးရွာဥက္ကဋ္ဌဦးနေထွန်းတို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။(မြို့နယ် ပြန်/ဆက်)

# စာကြည့်တိုက်ပညာသင်တန်းဖွင့်

**ပြင်ဦးလွင် ဒီဇင်ဘာ ၅**

ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး ဖွင့်လှစ်သော စာကြည့်တိုက် ပညာသင်တန်း(၂/၂၀၀၄)ကို ရေငယ်စံပြကျေးရွာ စုရင်စာကြည့်တိုက်တွင် နိုဝင်ဘာ၁၀ရက်က ကျင်းပသည်။

အဆိုပါသင်တန်းသို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးငွေထွန်းနှင့်ဒုတိယဦးစီးမှူး ဒေါ်နုနုအေးတို့က လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးရွာသူကျေးရွာသားများအား စာကြည့်တိုက်ပညာဆွေးနွေးပို့ချကြသည်။ **(ခရိုင် ပြန်/ဆက်)**



ဧရာဝတီတိုင်း ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မဟာဗန္ဓုလလမ်း ၅လမ်းထောင့်တွင် ဆောင်ရွက်လျက်ရှိသော လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် လက်ထောက်အင်ဂျင်နီယာ ဒေါ်လေးခင်တို့ ဒီဇင်ဘာ ၇ရက်က ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

# သောက်သုံးရေနှင့်ယင်လုံအိမ်သာ သုံးစွဲတတ်ရေး ရွာငံမြို့နယ်တွင် အသိပညာပေး ဆွေးနွေး

**ရွာငံ ဒီဇင်ဘာ ၄**

ရွာငံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတို့ပူးပေါင်း၍ နိုဝင်ဘာ ၁၁ ရက်က မြို့ကုန်းရပ်ကွက်အမကကျောင်းသား ကျောင်းသူများ သောက်သုံးရေနှင့် ယင်လုံအိမ်သာစနစ်တကျသုံးစွဲတတ်စေရေးအတွက် အသိပညာပေး ဆွေးနွေးကြသည်။

ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမင်းဆွေ၊ တာဝန်ခံအင်ဂျင်နီယာဦးဇော်ဝင်းနှင့် မြို့နယ်အသင်းအတွင်းရေးမှူး ဦးမိုးထွန်း၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များက ဂါလန် ၂၀၀ဆံ့ အုတ်ရေကန်ပြုလုပ်ရန်အတွက် ဘိလပ်မြေငါးအိတ် ပေးအပ်လှူဒါန်းကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျေးရွာစာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

**မော်လိုက် ဒီဇင်ဘာ ၈**

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် မော်လိုက်မြို့နယ် ကင်းတပ်စံပြကျေးရွာကိုယ့်အားကိုယ်ကိုး ပညာပဒေသာစာကြည့်တိုက်သို့ စာအုပ်များပေးအပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁၇ရက် နံနက် ၉နာရီက ကျောင်းမြောက်ရပ် ရွှေလမင်းစာပေ၌ ကျင်းပသည်။

## ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မော်လိုက်မြို့နယ် ကင်းတပ်စံပြကျေးရွာကိုယ့်အားကိုယ်ကိုး ပညာပဒေသာစာကြည့်တိုက်သို့ လှူဒါန်းသောမဂ္ဂဇင်းစာအုပ်မျိုးစုံ ၅၀၊ ဂျာနယ်မျိုးစုံ ၂၀၊ ရုပ်ပြစာအုပ် ၃၀စုစုပေါင်းစာအုပ် ၁၀၀အား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးညိုအုန်းထံ ရွှေလမင်းစာပေ ပိုင်ရှင်ဒေါ်စန္ဒာအေးက ပေးအပ်လှူဒါန်းသည်။ **(မြို့နယ်ပြန်/ဆက်)**



ဒီဇင်ဘာ ၁၈ရက်ညက 2004 ASEAN Open Optimist Championshipရွက်လှေအားကစားပြိုင်ပွဲဝင်နိုင်ငံများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု တိုးပွားရန် ရည်ရွယ်၍ ရေဝတီတိုင်းချောင်းသာကမ်းခြေတွင် မီးပုံးပျံများကို လွှတ်တင်ရာ စင်ကာပူနိုင်ငံကိုယ်စားပြု မီးပုံးပျံကို လွှတ်တင်စဉ်။

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)






ရန်ကုန်မြို့ လသာမြို့နယ် လသာလမ်း အမှတ် ၁၂၁နေ မန္တလေးဆေးတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) သမားတော်ကြီး ဒေါက်တာဦးထွန်းသင်၏ ကောင်းမှုအလို့ငှာ မောင်နှမများ ဖြစ်ကြသော ဒေါ်ခင်ကြည်၊ ဒေါ်လှကြည်၊ ဒေါက်တာဒေါ်သိန်းကြည်၊ ဒေါက်တာဦးမြသင်၊ ဒေါက်တာဒေါ်ဌေးကြည်နှင့် ဦးဝင်းသင်တို့က ဒဂုံမြို့နယ် အမှတ် ၁၂ စကားဝါလမ်း တိပိဋကကျောင်းတော်၏တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်သိန်း ၂၀ကို တိပိဋကရေဆရာတော် ဘဒ္ဒန္တ ဣန္ဒာစရိယထံ အနုမောဒနာခံယူရေစက်ချ၍ ပင်မဉက္ကဋ္ဌကြီး ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။

(မြန်မာ့အလင်း)

# ကုက္ကိုင်းရေကူးအသင်း ရာပြည့်ပွဲတော်ဖွင့်လှစ်

ရန်ကုန် ဒီဇင်ဘာ ၁၉

ကုက္ကိုင်းရေကူးအသင်း နှစ်(၁၀၀)ပြည့်ပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၇ရက် နံနက်၈နာရီက ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ အဆိုပါရေကူးကန်တွင် ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကုက္ကိုင်းရေကူးအသင်း နာယကအဖွဲ့ဝင်များ၊ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့်အမှုဆောင်များ၊ အားကစားမောင်မယ်များ တက်ရောက်ကြသည်။

## ကြည့်ရှုအားပေး

ဖွင့်ပွဲအခမ်းအနားကို အဝင်မုခ်ဦးရှေ့တွင်ကျင်းပရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ကုက္ကိုင်းရေကူးအသင်းနာယက ဦးမင်းလွင်၊ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ကြသည်။

**(အပေါ်ပုံ)**

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က အဖွင့်အမှာစကားပြောကြားပြီးအသင်းနာယကဦးမင်းလွင်နှင့် ဥက္ကဋ္ဌဒေါက်တာခင်ရွှေတို့က အမှာစကားပြောကြားကြသည်။ ထို့နောက်ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ရေကူးကန်အတွင်း ကြည့်ရှုကြပြီး မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှ မျိုးဆက်သစ်အားကစားမောင်မယ်များ၏ ဒိုင်ဗင်နှင့် ရေကူးကစားမှုများကို ကြည့်ရှုအားပေးကြသည်။ **(မြန်မာ့အလင်း)**

# ပြည်နယ်နှင့်တိုင်း ကြက်တောင်ရိုက်ပြိုင်ပွဲ ရန်ကုန်တိုင်းဗိုလ်စွဲ

ရန်ကုန် ဒီဇင်ဘာ ၁၉

၂၀၀၄ခုနှစ် (၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁နာရီက လမ်းမတော်မြို့နယ် ကျုံးကြီးလမ်းရှိ အမျိုးသား ကြက်တောင်အားကစားခန်းမတွင် ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့က တံခွန်စိုက်ဒိုင်းဆုများ ဆွတ်ခူးရရှိသွားသည်။

ဗိုလ်လုပွဲ ပွဲစဉ်အပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးဦးသန်းဇော်၊ မြန်မာနိုင်ငံကြက်တောင်အားကစားအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များက အသက် (၁၄)နှစ်အောက်၊ (၁၆)နှစ်အောက်၊ (၁၈)နှစ်အောက်၊ အကြီးတန်းအမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အားကစားမောင်မယ်များအား အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် မြန်မာနိုင်ငံကြက်တောင်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေက ပြိုင်ပွဲ၏အကောင်းဆုံးအားကစားသမားဆုရရှိကြသော အမျိုးသား အေးမင်းထွန်း(ရန်ကုန်တိုင်း)နှင့်အမျိုးသမီး နေဇာလှိုင်(ရန်ကုန်တိုင်း)တို့အားဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ပထမဆုရရှိကြသော ရန်ကုန်တိုင်း အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့အား တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းတို့ကို ပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ) (မြန်မာ့အလင်း)**

# ကမ္ဘာတစ်လွှား အားကစား

## အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ

## ဂျူဗင်းတပ်စ်နှင့် အေစီမီလန်တို့ ဂိုးမရှိသရေကျ

ရောမ ဒီဇင်ဘာ ၁၉

အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၆)အဖြစ် ဂျူဗင်းတပ်စ်နှင့် အေစီမီလန်၊ မက်ဆီနာနှင့်အတ္တလန္တာအသင်းတို့ ဒီဇင်ဘာ ၁၈ရက်က ယှဉ်ပြိုင်ကစားရာ ဂျူဗင်းတပ်စ်နှင့် အေစီမီလန်တို့ ဂိုးမရှိသရေပွဲဖြစ်ပြီး မက်ဆီနာနှင့် အတ္တလန္တာတို့ ပွဲချိန် ၂၃မိနစ်ကစားပြီးနောက် ပွဲကိုရပ်ဆိုင်းခဲ့ရသည်။

### ဂျူဗင်းတပ်စ်နှင့် အေစီမီလန်

တန်းစီဇယား ထိပ်ဆုံး၌ရပ်တည်နေသော ဂျူဗင်းတပ်စ်နှင့် လက်ရှိချန်ပီယံအေစီမီလန်တို့ တွေ့ဆုံသည့်ပွဲဖြစ်ရာ အကြိတ်အနယ်ရှိသည့် ပွဲကြီးပွဲကောင်းတစ်ခု ဖြစ်ခဲ့သည်။ ဂျူဗင်းတပ်စ်ကွင်း ဒယ်လီအယ်ပီ၌ ကစားရသော်လည်း အေစီမီလန်တို့ ခြေစွမ်းပြကစားနိုင်ခဲ့သလို ဂျူဗင်းတပ်စ်တို့ကလည်း အိမ်ကွင်း၌ နိုင်ပွဲရရှိရေး အစွမ်းကုန်ကြိုးစားကစားခဲ့ကြသည်။ ဂျူဗင်းတပ်စ်မှ ပေဗယ်နက်ဗက်၊ ကာနာဗာရိုနှင့် ကာမိုရန်စီတို့ ခြေပေါ်အောင်ကစားနိုင်သော်လည်း အေစီမီလန်မှ အင်ဒရာပီလာလိုဂတ်တူဆို၊ ရှက်ဖ်ချင်ကိုနှင့် ဆီးဒေါ့ဖ်တို့ ထိုးဖောက်မှုကို အကြိမ်အတော်များများ ကြိုးစားကာကွယ်ဟန့်တားခဲ့ရသည်။



စီးရီးအေ ပွဲစဉ်(၁၆)အဖြစ် ဂျူဗင်းတပ်စ်နှင့် အေစီမီလန်တို့ပွဲတွင် ဂျူဗင်းတပ်စ်မှပေဗယ်နက်ဗက်(ယာ)ထိုးဖောက်ကစားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂျူဗင်းတပ်စ်တို့ ယခုပွဲ သရေကျခြင်းသည် အိမ်ကွင်း၌ ဒုတိယအကြိမ်မြောက် သရေပွဲဖြစ်သော်လည်း တန်းစီဇယားထိပ်၌ ၁၆ပွဲကစားပြီးချိန်တွင် ၃၉မှတ်ဖြင့် ဒုတိယနေရာ၌ ရှိနေသော အေစီမီလန်ထက် လေးမှတ်အသာဖြင့် ဆက်လက် ရပ်တည်နေဆဲဖြစ်သည်။

မက်ဆီနာနှင့် အတ္တလန္တာတို့ပွဲကို မက်ဆီနာကွင်း၌ကစားရာ ပွဲချိန် ၁၀မိနစ်တွင် မက်ဆီနာတို့ ပယ်နယ်တီပြစ်ဒဏ်ဘောရရှိပြီး ယင်းပြစ်ဒဏ်ဘောကို အာသူရိုဒိုင်နာပိုလီက ကန်သွင်းခဲ့သဖြင့် ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ပွဲချိန် ၂၃ မိနစ်တွင် ကစားကွင်းရေဝပ်မှုကြောင့် ဘောလုံးပွဲဆက်လက်မယှဉ်ပြိုင်နိုင်ဘဲ ရပ်ဆိုင်းခဲ့ရခြင်းဖြစ်သည်။ **(အင်တာနက်)**

# နိုင်ငံ့ဂုဏ်ဆောင် ဂူရှူးလက်ရွေးစင်များဂုဏ်ပြု ဆုတံဆိပ်ရရှိသူများအား ဆုကြေးငွေချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၁၉

**မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည့် (၆)ကြိမ်မြောက် အာရှဂူရှူးတံခွန်စိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်ရှစ်ခု၊ ကြေးတံဆိပ်ကိုးခု ဆွတ်ခူးရရှိခဲ့သော နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့ဂူရှူးလက်ရွေးစင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ည ၇နာရီက အင်းလျားလမ်းရှိ ရွှေရှမ်းကန်စားသောက်ဆိုင်တွင်ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။**

## ဂုဏ်ပြုဆုငွေချီးမြှင့်

ဂုဏ်ပြုပွဲတွင် ရှေးဦးစွာ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေးက ပြိုင်ပွဲကျင်းပခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်နှစ်ခုရ ဆွေဆွေသန့်၊ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်တစ်ခုစီရရှိကြသော ခိုင်ခိုင်မော်နှင့် ပြည့်ဖြိုးဝေ၊ ရွှေတံဆိပ်တစ်ခုရ ပြည့်ဝေဖြိုး၊ အောင်စည်သူ၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်နှစ်ခုရ ဇော်ဇော်မိုး၊ ငွေတံဆိပ်တစ်ခုစီရရှိကြသော အောင်စည်သူနှင့် စသာဌေး၊ ကြေးတံဆိပ်တစ်ခုစီရရှိကြသော မင်းမင်းထွန်း၊ အောင်ဆန်းယု၊ ဆွေဝင့်၊ မိုးဝါနှင့် နန်းစိုးယုနိုင်တို့အား မြန်မာနိုင်ငံအိုလံပစ်ကော်မတီက ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ် နာယကကြီးများဖြစ်ကြသည့် ဒေါ်ကျင်ခိုင်၊ ဒေါ်စန်းစန်းနှင့် ဒေါ်ကြည်ကြည်ဝင်းတို့က အောင်ပွဲရမြန်မာဂူရှူးကစားသမားများအား ဂုဏ်ပြုဆုငွေကျပ်တစ်သိန်းငါးသောင်းချီးမြှင့်ရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေးက လက်ခံရယူသည်။ ဆက်လက်၍ ဥက္ကဋ္ဌဦးခင်မောင်လေးက အောင်ပွဲရမြန်မာဂူရှူးကစားသမားများအား မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ်ကချီးမြှင့်သည့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ရာ အားကစားသမားများကိုယ်စား ခိုင်ခိုင်မော်က လက်ခံရယူသည်။ ၎င်းနောက် နိုင်ငံ့ဂုဏ်ဆောင် အားကစားမယ် ဆွေဆွေသန့်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး တက်ရောက်လာသော ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

အောင်ပွဲရမြန်မာဂူရှူးလက်ရွေးစင် အားကစားသမားများအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီက ရွှေတံဆိပ်တစ်ခုလျှင် ကျပ်နှစ်သိန်း၊ ငွေတံဆိပ်တစ်ခုလျှင် ကျပ်တစ်သိန်းငါးသောင်း၊ ကြေးတံဆိပ်တစ်ခုလျှင် ကျပ်တစ်သိန်းတို့ဖြင့် စုစုပေါင်းချီးမြှင့်ငွေကျပ်၃၁သိန်း၊ မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ်က ရွှေတံဆိပ်တစ်ခုလျှင် ကျပ်တစ်သိန်းရှစ်သောင်း၊ ငွေတံဆိပ်တစ်ခုလျှင် ကျပ်တစ်သိန်းသုံးသောင်း၊ ကြေးတံဆိပ်တစ်ခုလျှင် ကျပ်ရှစ်သောင်းတို့ဖြင့် စုစုပေါင်းချီးမြှင့်ငွေ ၂၆သိန်းခြောက်သောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

**(မြန်မာ့အလင်း)**



# ဒီဇင်ဘာအားကစားလှုပ်ရှားမှု အကျဉ်းဦးစီးမိသားစုပါဝင်ဆင်နွှဲ

ရန်ကုန် ဒီဇင်ဘာ ၁၉

အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းနှင့် ညွှန်ကြားရေးမှူးများက ဦးဆောင်၍ အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ စခန်းရုံး၊ မော်တော်ယာဉ်၊ ဗဟိုပစ္စည်းသိုလှောင်ရေးရုံး၊ ကျွမ်းကျင်မှုဆိုင်ရာသင်တန်းကျောင်းနှင့် အင်းစိန်ဗဟိုအကျဉ်းထောင်တို့မှ အရာရှိ၊ ဝန်ထမ်းနှင့် မိသားစုများသည် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအဖြစ် ဒီဇင်ဘာ ၁၈ရက် နံနက် ၅နာရီခွဲက အင်းစိန်ဗဟိုအကျဉ်းထောင်စုရပ်မှ လှိုင်မြစ်လမ်းအတိုင်း အမှတ်(၁)ဂိတ်အထိ အသွားအပြန်လမ်းလျှောက်ကြသည်။ **(သတင်းစဉ်)**

# ပေါင်းတည်မြို့ ဟသ်ာကန်ရပ်ကွက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် နှစ်နှစ်မြောက် အောင်မြင်သည့်အထိမ်းအမှတ်အခမ်းအနားကျင်းပ

ပေါင်းတည် ဒီဇင်ဘာ ၆

**ပေါင်းတည်မြို့ ဟသ်ာကန်ရပ်ကွက် ဇီးတောကျောင်းပရဝဏ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် နှစ်နှစ်မြောက်အောင်မြင်သည့်အထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာ ၁၄ရက်က ကျင်းပသည်။**

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ဇီးတောကျောင်း ဆရာတော် ဘဒ္ဒန္တနေမိန္ဒက သြဝါဒကထာ မြွက်ကြားပြီး သဘာပတိဦးမြင့်လွင်နှင့် စာကြည့်တိုက်ဥက္ကဋ္ဌ ဦးမြင့်သန်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်နိုင်တို့က စာကြည့်တိုက် ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်မှုများကို ရှင်းလင်း ပြောကြားကြသည်။

**ဂုဏ်ပြုလှူပေးအပ်**

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အလှူငွေကျပ် ၅၀၀၀နှင့် သီးခြားအလှူရှင်များက အလှူငွေများနှင့် စာအုပ် ၁၅၀၊ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်မှ ဆရာမဒေါ်သက်က သုတရသဂျာနယ် စာအုပ်၈၅အုပ် ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးမြင့်သန်းနှင့် အတွင်းရေးမှူး ဦးသန့်ဇင်တို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြကြောင်း သိရသည်။ **(၃၃၁)**



**မကွေးမြို့နယ် ဘုရားပြို(မြောက်)ကျေးရွာတွင် လေးလက်မ စက်ရေတွင်းအား မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တူးဖော်မှုကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့် နိုဝင်ဘာ ၂၄ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်ဝင်း၊ အင်ဂျင်နီယာမှူး ဦးစိုင်းရွှေအောင်နှင့် လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်ဝင်းဝင်းမြင့်တို့က ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)

# ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်

# မတ္တရာမြို့နယ်၌ ကျေးရွာပါရမီစာပေ စာကြည့်တိုက်ဖွင့်

**မတ္တရာ ဒီဇင်ဘာ ၆**

မတ္တရာမြို့နယ် စည်တိုင်းကန်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ပါရမီစာပေ စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ညွှန့်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ယာယီ ဦးစီးမှူးဒေါ်မေသူမြင့်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

ထို့နောက် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတင်ညွှန့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်/သံ(၃) ဒေါ်ဆွေဆွေတင့်က စာကြည့်တိုက် ရေရှည် တည်တံ့ခိုင်မြဲရေးနှင့် ပြန်ကြားရေးဆိုင်ရာများ ရှင်းလင်းပြောကြားပြီး ကျေးရွာပါရမီစာပေ စာကြည့်တိုက်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စာအုပ် ၂၇အုပ်၊ ကျေးလက်ကျန်းမာရေးဆရာမ ဒေါ်ငြိမ်းငြိမ်းက စာအုပ် ၂၅ အုပ်၊ ဆရာကြီး ဦးမောင်မောင်ဝင်းက စာအုပ် ၁၃ အုပ်နှင့် ကျေးလက် ပြည်သူများက စာအုပ်များ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**





**နိုဝင်ဘာ ၁၈ ရက်က ဟုမ္မလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော အောင်ဆန်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးသိန်းနိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၃) ဦးဝေဖြိုးနောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

# ဇေယျာလှူငယ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

**ရေဦး ဒီဇင်ဘာ ၅**

ဇေယျာလှူငယ် ကိုယ့်အား ကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ဟောပြောပွဲကို နိုဝင်ဘာ ၂၉ ရက်က ရေဦးမြို့နယ် ဇေယျဝတီကျေးရွာ အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း၊ တင်းတိန်ရုံရဲစခန်းမှူး ရဲအုပ်စိန်ဝင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးလှဆန်းတို့က စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းက အမှာစကား ပြောကြားပြီး ရဲအုပ်စိန်ဝင်းက ကျေးလက်နေ ပြည်သူများ ဗဟုသုတပြည့်ဝစေရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေး ဆွေးနွေးပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် စာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းက မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံအုပ်ရေ ၁၀၀ ကိုလည်းကောင်း၊ ရဲအုပ်စိန်ဝင်းက မဂ္ဂဇင်း၊ ဂျာနယ် ၂၁ အုပ်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)က လှူဒါန်းသည့် သုတ၊ ရသ စာအုပ် ၅၄ အုပ်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လှူဒါန်းသည့် မဂ္ဂဇင်း၊ ဂျာနယ် ၃၉ အုပ်တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးလှဆန်းက လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**

# ပညာပိမာန်စာကြည့်တိုက် ကျွန်းလှ၌ဖွင့်

**ကျွန်းလှ ဒီဇင်ဘာ ၉**

ကျွန်းလှမြို့နယ် အိမ်ခြေကျေးရွာအုပ်စု ကိုင်းဝန်းကျေးရွာတွင် ပညာဗိမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို နိုဝင်ဘာ ၁၂ရက် မွန်းလွဲ ၁နာရီက ကိုင်းဝန်းကျေးရွာ မူလတန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးသန့်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲစေရန် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းများ ရှင်းလင်းပြီး ပညာဗိမာန် စာကြည့်တိုက်ဥက္ကဋ္ဌ ဦးကျော်သူသို့ စာအုပ် စာစောင်များ ပေးအပ်လှူဒါန်းသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဟိုပင်မြို့၌ကတ္တရာလမ်းနှင့် ကျောက်ချောလမ်းခင်း

**ဟိုပင် ဒီဇင်ဘာ ၅**

ကချင်ပြည်နယ် ဟိုပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်သွင်နှင့် အင်ဂျင်နီယာဦးခွန်အောင်တို့က အရှည် ၅၆၆ ပေနှင့် အကျယ် ၁၂ ပေရှိ ဟိုပင်မြို့ မြဇေယျာရပ် အောင်သုခလမ်းကတ္တရာလမ်းခင်းခြင်း၊ ဂါတ်ကုန်းလမ်းနှင့် နန့်ရင်းလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၅ ရက်က ကွင်းဆင်းကြည့်ရှု ဆောင်ရွက်ကြသည်။

အဆိုပါကျေးရွာချင်းဆက် ကျောက်ခင်းလမ်းမှာ အရှည်ပေ ၂၁၀၀ နှင့် အကျယ် ၁၂ ပေရှိပြီး ၂၀၀၄-၂၀၀၅ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ငွေကျပ် ၅၃ သိန်းကျော် အကုန်အကျခံ၍ ဆောင်ရွက်ခြင်းဖြစ်သည်။

**(မြို့နယ် ပြန်/ဆက်)**

# ဘန့်ဘွေးကုန်းလမ်း ကတ္တရာလမ်းခင်း

**ပုသိမ် ဒီဇင်ဘာ ၁၅**

၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပြလမ်း ၃၀ ဆောင်ရွက်ရန် လျာထားခဲ့ပြီး ကတ္တရာလမ်း ၂၈ လမ်းအား ဆောင်ရွက်လျက် ရှိသည့်အနက် ဘန့်ဘွေးကုန်းလမ်း အရှည် ၂၈၂ပေ၊ အကျယ် ၁၆ပေ ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဒီဇင်ဘာ ၉ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးမျိုးသိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သောင်းတို့က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(ဝဲပုံ) (မြို့နယ်စည်ပင်)**





**သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်သော အောင်ကုသိုလ်ရပ်ကွက် အောင်ကုသိုလ်(၁)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၄ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်လှိုင်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

## နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာဆုမွန်

ဖေဖေ ဗိုလ်မှူးကြီးခင်မောင်ဝင်း(ငြိမ်း)-မေမေ ဒေါ်တင်ရီ(တင်ရီမ-ညောင်ဦး)တို့၏ (၂၀-၁၂-၂၀၀၄)ရက်တွင် ကျရောက်သော နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာရက်မြတ်မှသည် စိန်ရတု၊ ပတ္တမြားရတုတိုင်အောင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် လောကီ၊ လောကုတ္တရာအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ရန် ဆုမွန်ကောင်းများတောင်းလျက်-

**သားသမီးများ** - ဦးစိုးသိန်း-ဒေါ်မေသက်ဦး
- ကပ္ပတိန်တင်ဝင်းမောင်-ဒေါ်မေသက်လွင်
- ဒုတိယ ဗိုလ်မှူးကြီး ထွန်းထွန်းနောင်-ဒေါ်ခင်ခင်မင်း
- ဗိုလ်မှူးထွန်းထွန်းညီ-ဒေါ်နီလာခင်

**ချစ်မြေးများ** - စိမ့်မွန်စိုး၊ ငယ်လေး၊ ဖိုးသား၊ ပူတူးနောင်၊ ထော်ထော်ဦး၊ ဖိုးကဲ၊ အာဆီယံ၊ ဆွိတီ၊ တုံတုံ၊ ပွိပွိ။






## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ရက်စွဲ- ၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၁၄ရက်

### ချိပ်ပိတ်ဈေးနှုန်းလွှာများခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့်ပေးချေဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | ကျောက်ခွဲစက်သုံး ၃၆" Cone Crusher နှင့် ဆက်စပ်လျှပ်စစ်ပစ္စည်းများ | ၁စုံ |
| ၂။ | ဆီဆေး(ဖြူ/နီ) | ၂၀၀၀ ဂါလန် |
| ၃။ | ရေမြှုပ်မော်တာနှင့်ပန့်များ | ၁၅စုံ |

ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၉-၁၂-၂၀၀၄ ရက်(၁၆:၀၀)နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာပုံစံတစ်စုံလျှင် ကျပ် ၁၀၀၀(ကျပ်တစ်ထောင်တိတိ)နှုန်းဖြင့် ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ် အချက်အလက်များကို ဖုန်း-၂၈၂၅၃၄၊ ၂၄၈၁၁၂၊(လိုင်းခွဲ) ၂၃၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။**

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## စာရင်းစစ်ချုပ်ရုံး
## အခြေခံ စာရင်းကိုင်သင်တန်း လျှောက်လွှာခေါ်ယူခြင်း
## Basic Accounting Course
## [ For 2005 Apirl Exam:]

၁။ သင်တန်းဖွင့်လှစ်မည့်ရက် - ၁-၁-၂၀၀၅
၂။ သင်တန်းဖွင့်လှစ်မည့်နေရာ - စာရင်းစစ်ချုပ်ရုံး၊ သင်တန်းကျောင်း ၁/၁၉ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်
၃။ သင်တန်းချိန် - ၉:၃၀ နာရီမှ ၁၄:၃၀နာရီ (စနေ/တနင်္ဂနွေ)
၄။ သင်တန်းကာလ - (၃)လ
၅။ သင်တန်းကြေး - ကျပ် ၅၀၀၀ိ/
၆။ အနိမ့်ဆုံးပညာအရည်အချင်း - အခြေခံပညာအထက်တန်း (က)အဆင့်အောင် သို့မဟုတ် တက္ကသိုလ်ဝင်တန်းအောင်
၇။ လျှောက်လွှာစတင်ရောင်းချမည့်ရက်- ၁-၁၂-၂၀၀၄
၈။ လျှောက်လွှာတင်ရန် နောက်ဆုံးရက် - ၃၁-၁၂-၂၀၀၄
၉။ ဆက်သွယ်စုံစမ်းရန် - ဒေါ်မြင့်လေးမေ၊ သင်တန်းမှူး၊

**စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း၊ ဖုန်း-၀၁-၂၂၇၂၄၆။**

## ရန်ကုန်နှင့်မန္တလေးပန်တျာကျောင်းများညနေပိုင်း သင်တန်းအတွက်သင်တန်းသားသစ်ခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ ရန်ကုန်ပန်တျာကျောင်းနှင့် မန္တလေး ပန်တျာကျောင်းတို့တွင် မြန်မာဂီတာ၊ ဒုံမင်း၊ မယ်ဒလင်၊ ညနေပိုင်းသင်တန်းများအား ၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၃ ရက်တွင် ဖွင့်လှစ်မည် ဖြစ်ပါ၍ တက်ရောက်သင်ကြားလိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ ညနေပိုင်းသင်တန်းသို့ လျှောက်ထားလိုသူများသည် အသက် (၁၂)နှစ်ပြည့်ပြီးသူများ ဖြစ်ရမည်။ သင်တန်းချိန်မှာ ၄:၀၀နာရီမှ ၅:၃၀ နာရီအထိ ဖြစ်ပါသည်။ အသေးစိတ် အရည်အချင်း သတ်မှတ်ချက်နှင့် လျှောက်လွှာပုံစံများကို ရန်ကုန်၊ မန္တလေး ပန်တျာကျောင်းများတွင် စုံစမ်းရယူနိုင်ပါသည်။

၃။ လျှောက်ထားသူများသည် ညွှန်ကြားရေးမှူး သုတေသနနှင့် လေ့ကျင့်ရေးဌာနခွဲ၊ အနုပညာဦးစီးဌာန အမှတ်(၁၃၁) ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့သို့ ၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၃၁ရက်နေ့ နောက်ဆုံးထား ပေးပို့ရမည်။

**ညွှန်ကြားရေးမှူးချုပ်**
**အနုပညာဦးစီးဌာန။**

### သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ပျဉ်းမနားမြို့နယ် သစ်ယာကုန်း အုပ်စု သရက်သမိန်ကျေးရွာနေ (ဦးထွန်းညွန့်)-ဒေါ်သန်းကြည်တို့၏ စတုတ္ထသမီး မဌေးဌေးလွင် (PMA-၁၆၇၃၂၈) သည် မုဆိုးမ မိခင်အိုကြီးအား အကြိမ်ကြိမ် ကိုယ်စိတ်ဆင်းရဲအောင် လုပ်ခဲ့ပြီး ၎င်း၏ဆန္ဒအတိုင်း နေအိမ်မှဆင်းသွားသည့်အတွက် ၂၉-၁၁-၂၀၀၄ရက်မှစ၍ သွာနုတ္တသမီးအဖြစ် သတ်မှတ်ပြီး သမီးရင်းအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ **မေးမြန်းစုံစမ်းခြင်းသည်းခံပါ။**

**ဒေါ်သန်းကြည် ၉/ပမန(နိုင်)၀၇၈၅၂၅**
**သရက်သမိန်ကျေးရွာ၊ပျဉ်းမနားမြို့။**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ည/၄၆၃၆ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်မိတ္တူပျောက် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊ ရန်ကုန်တိုင်း၊ ခရိုင်ရုံး (အရှေ့ပိုင်း) သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ရန်ကုန်ခရိုင်ရုံး(အရှေ့ပိုင်း)။**

# မြန်မာဗီဒီယိုဇာတ်ကား ၁၀ ကား ဖြန့်ချိပြသ
# ဒါရိုက်တာ အာရုံသစ်က ခိုင်ဇွန်ကိုပွဲထုတ်သည့်"ဆူး"ပါဝင်

ရန်ကုန် ဒီဇင်ဘာ ၁၉

**ယခုအပတ် တနင်္လာနေ့မှစ၍ မြန်မာဗီဒီယိုဇာတ်ကား ၁၀ ကား ဖြန့်ချိ ပြသခွင့်ရရှိသည်။**

**မောင်ဆွေထွန်း**

ထိုဇာတ်ကားများမှာ လပ်ကီး ဆဲဗင်း ဗီဒီယိုမှ ဒါရိုက်တာ မောင်မျိုး မင်းရိုက်ကူး၍ ဒွေး၊ အိန္ဒြာကျော်ဇင်နှင့် အောင်လွင်တို့ ပါဝင်သော **ပျားရည် ချောင်းခြား** ဇာတ်ကား။ အောင်ပြည့်စုံ ဗီဒီယိုမှ ဒါရိုက်တာ အာရုံသစ် ရိုက်ကူး၍ ကျော်ဟိန်း၊ ထွန်းအိန္ဒြာဗိုနှင့် ခိုင်ဇွန်ကို ပွဲထုတ်သည့် **ဆူး** ဇာတ်ကား။ စနိုးပိုက်ဗီဒီယိုမှ ဒါရိုက်တာ မောင်မောင်ဦးရိုက်ကူး၍ နိုင်းနိုင်း၊ မေသန်းနု၊ စိုးမြတ်နန္ဒာ၊ ချူပြုံးတို့ပါဝင်သော **နွေမုန်းလူ** ဇာတ်ကား။



ဒါရိုက်တာ အာရုံသစ်၏ 'ဆူး'ဇာတ်ကားမှ ကျော်ဟိန်း၊ ထွန်းအိန္ဒြာဗိုတို့နှင့် အတူ ပွဲထုတ်ထားသော သရုပ်ဆောင်သစ် ခိုင်ဇွန်။

မျက်ခြယ်ဗီဒီယိုမှ ဒါရိုက်တာ ဒယ်နီရိုက်ကူး၍ နေထက်လင်း၊ ကြည်လဲ့လဲ့ဦး၊ ချူပြုံးနှင့် ဇော်ဦးတို့ပါဝင်သော **နှင်းဆီလှိုင်းထဲ မျောလွင့်ခြင်း** ဇာတ်ကား။ စိန်ပန်းမင်း ဗီဒီယိုမှ ဒါရိုက်တာ ဂန္ဓမာဖေချစ်ရိုက်ကူး၍ ငုဝါစိုး၊ ဖေလုဝ၊ဆိုဖီနှင့် ကျော်မိုးတို့ ပါဝင်သော **ရွှေဂန္ဓမာအငြိမ့်။** ကြောင်ကမ္ဘာဗီဒီယိုမှ ဒါရိုက်တာမောင်နီလွင်(သပြု) ရိုက်ကူး၍ နေမျိုးအောင်၊ မျိုးစန္ဒီကျော်နှင့် ခိုင်နှင်းဝေတို့ ပါဝင်သော **မခွဲထာဝစဉ်** ဇာတ်ကား။

ကောင်းသစ္စာဗီဒီယိုမှ ဒါရိုက်တာ ကိုဇော်ရိုက်ကူး၍ ဖြိုးငွေစိုး၊ လှအဥ္ဇလီတင့်တို့ ပါဝင်သော **အချစ်စစ်မှာ** ဇာတ်ကား။ စိန်ဌေးဗီဒီယိုမှ ဒါရိုက်တာ မဟာရိုက်ကူး၍ ခင်လှိုင်၊ ပွင့်၊ ဖေလုဝနှင့် စပယ်မိုးတို့ပါဝင်သော **သမိန်ပေါသွပ် ကြောင်စီကွေး** ဇာတ်ကား။ အောင်ဗီဒီယိုမှ ဒါရိုက်တာ ကြီးဇော် ရိုက်ကူး၍ မင်းဇော်၊ အောင်ပိုင်၊ ဇော်ကြီးနှင့် သွန်းနေဇင်တို့ ပါဝင်သော **ဘာမထီဇာနည်တဲ့ဟော့** ဇာတ်ကား။ ကျော်ကျော်ဦး ဗီဒီယိုမှ ဒါရိုက်တာ အောင်ဆွေ (မြန်မာ) ရိုက်ကူး၍ ကင်းကောင်၊ ကျော်ထူး၊ မင်းသစ္စာနှင့် ရွှန်းလဲ့ဦးတို့ ပါဝင်သော **ပျော်ပျော် ပါးပါး ...ဟား** ဇာတ်ကား တို့ ဖြစ်သည်။

ယင်းတို့ အနက်မှ စိန်ပန်းမင်း ဗီဒီယိုမှ **ရွှေဂန္ဓမာအငြိမ့်**နှင့် စိန်ဌေး ဗီဒီယိုမှ **သမိန်ပေါသွပ်ကြောင်စီကွေး** ဇာတ်ကားတို့မှာ ပရီစနစ်ဖြင့် အလွတ်သဘောဖြန့်ချိမည် ဖြစ်ကြောင်းသိရသည်။ ။

(မြန်မာ့အလင်း)



**'သမိန်ပေါသွပ် ကြောင်စီကွေး' ဇာတ်ကားမှ ခင်လှိုင်၊ ပွင့်၊ ဖေလုဝ တို့၏ ဟာသဇာတ်ဝင်ခန်း။**



**ကြောင်ကမ္ဘာဗီဒီယို၏ 'မခွဲထာဝစဉ်' ဇာတ်ကားမှ နေမျိုးအောင်နှင့် မျိုးစန္ဒီကျော်တို့၏ သရုပ်ဆောင်ဟန်။**

## ဗွီစီဒီအချပ်များ ဈေးနှုန်းသတ်မှတ်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဗီဒီယို အခြေခံအဖွဲ့၏ အစီအစဉ်ဖြင့် ဗွီစီဒီအချပ်များကို ဖြန့်ချိရောင်းချရာ၌ ယခင်က တစ်စုံနှစ်ချပ်ပါဇာတ်ကားကို ကျပ် ၉၀၀ ရောင်းချရာမှ ယခုအခါ ကျပ် ၈၀၀ ဖြင့် ရောင်းချရန်စီစဉ်ထားကြောင်း သိရသည်။

ထိုသို့ရောင်းချစေခြင်းမှာ အချပ်များ ကူးယူ၍ ပွားချပ်များ မဖြစ်ပေါ်စေရန် တားဆီးကာကွယ်သည့်အနေဖြင့် ဆောင်ရွက်ခြင်း ဖြစ်သည်။

(မြန်မာ့အလင်း)



## ကြည့်ရှုလေ့လာ

**ပဋ္ဌမအကြိမ် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲကို တပ်မတော်ခန်းမတွင် ခင်းကျင်းပြသလျက်ရှိရာ စတုတ္ထနေ့တွင် ပြပွဲသို့လာရောက်ကြည့်ရှုလေ့လာ ဝယ်ယူသူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။**

(မြန်မာ့အလင်း)

# ဆေးဖက်ဝင်တိုင်းရင်းဆေးပင်များ မြန်မာ့မြေတွင်ပေါများ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးကိုထောက်ကူပြု

သတင်းဆောင်းပါး–ကျော်ရွှေ ဓာတ်ပုံမှတ်တမ်း–တင်စိုး (မြန်မာ့အလင်း)

**ရန်ကုန် ဒီဇင်ဘာ ၁၉**

မြန်မာ့တိုင်းရင်းဆေး အရည်အသွေးမြင့်မားလာရန်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်လာရန်နှင့် မြန်မာ့တိုင်းရင်းဆေးကို အသုံးပြုလာရန်ဟူသော ရည်ရွယ်ချက်ဖြင့် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ပဋ္ဌမအကြိမ် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲကို ခင်းကျင်းပြသလျက်ရှိရာ ယနေ့ (စတုတ္ထနေ့)တွင် ပြပွဲသို့လာရောက် ကြည့်ရှုလေ့လာဝယ်ယူအားပေးသူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့မြင်ရသည်။

တိုင်းရင်းဆေးသည် မြန်မာ့မြေမှထွက်ရှိသော အစွမ်းထက်ဆေးပင်များဖြစ်သည်။ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ဘိုးဘွားအမွေအနှစ် မြန်မာ့ရိုးရာဆေးနှင့် ဆေးပညာများသည် တစ်ဖက်တစ်လမ်းက အထောက်အကူပြုလျက်ရှိသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ■

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- * စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဖွံ့ဖြိုးစည်ပင် ကျေးလက်တစ်ခွင်

# ဒိုက်ဦး သုံးခွစံပြကျေးရွာ စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့် ၅၀ကေဗွီအေ လျှပ်စစ်ဓာတ်အားများထုတ်လွှတ်နိုင်၍ တစ်ရွာလုံးမီးလင်းနေပြီ စပါးခွံဓာတ်ငွေ့သုံးဓာတ်အားပေးစနစ်ကြောင့် ဒီဇယ်သုံးရန်မလိုဘဲ နိုင်ငံခြားငွေချွေတာနိုင်

ရန်ကုန် ဒီဇင်ဘာ ၁၉

**ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုသည် ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၁နာရီက ကျင်းပသည့် ပဲခူးခရိုင် ဒိုက်ဦးမြို့နယ် သုံးခွစံပြကျေးရွာ စပါးခွံဓာတ်ငွေ့သုံး ကျေးရွာလျှပ်စစ်ဓာတ်အားပေးစက်ရုံငယ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဂုဏ်ပြုအားပေးစကား ပြောကြားသည်။**

**ကျပ်ဆယ်သိန်းလှူဒါန်း**

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပဲခူးတိုင်းတာဝန်ခံ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်း လှူဒါန်းသည့် ငွေကျပ် ၁၀သိန်းကို ဝန်ကြီးကိုယ်စား ပဲခူးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးစောမော်ထွန်းက ပေးအပ်ရာ သုံးခွစံပြကျေးရွာ လျှပ်စစ်မီးလင်းရေးကော်မတီ အတွင်းရေးမှူး ဦးသက်လွင်က လက်ခံရယူပြီး ကျေးရွာလျှပ်စစ်မီးလင်းရေး ကော်မတီဥက္ကဋ္ဌ ဦးတင်မြက ကျေးဇူးတင်စကား ပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်**

ထို့နောက် ဒိုက်ဦးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး

*စာမျက်နှာ ၉ ကော်လံ ၁* ●



**ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့တီထွင်သူများ သမဝါယမအသင်းဥက္ကဋ္ဌ ဦးစိုးတင့်အောင်က ရှင်းလင်းတင်ပြစဉ်။** (က–ပ)

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## နိုင်ငံတကာအာကာသယာဉ်စခန်း



အာကာသအတွင်းရှိ နိုင်ငံတကာ အာကာသယာဉ်စခန်းကို အနီးကပ် တွေ့မြင်ရစဉ်။**(ယာပုံ)**

အဆိုပါ နိုင်ငံတကာ အာကာသ ယာဉ်စခန်းကိုအာကာသအတွင်း လွှတ်တင် ထား ခြင်းဖြင့် စကြဝဠာအတွင်းဖြစ်ပျက်ပြောင်းလဲနေသော ဂြိုဟ်၊ နက္ခတ်၊ ကြယ်တာရာများနှင့် နဂါးငွေ့တန်းများနှင့်စပ်လျဉ်း၍ အချိန်နှင့်အမျှသိရှိနိုင်ပြီး ထူးခြားဖြစ်စဉ်များကိုလည်း ဓာတ်ပုံများရိုက်ကူး၍ မြေပြင်စခန်းသို့ ပေးပို့လျက်ရှိသည်။ **အေပီ။**

## လွန်ခဲ့သည့်နှစ်၁၀၀၀ခန့်က ရွှေမျက်နှာဖုံး

လွန်ခဲ့သည့်နှစ်ပေါင်း၁၀၀၀ ခန့်က ရွှေမျက်နှာဖုံးတစ်ခုကို ပီရူးနိုင်ငံမြောက်ပိုင်းတွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ **(အောက်ပုံ)**

ရွှေသားအတိဖြင့် ပြုလုပ်ထားသော ရှေးခေတ်လက်ရာများဖြင့် မွမ်းမံထားသည်ဖြစ်ရာ ရှေးဟောင်းသုတေသနပညာရှင်များက ယင်းပစ္စည်းသည် လွန်ခဲ့သည့်နှစ်ပေါင်း၁၀၀၀ကျော်ခန့်က ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း မှတ်ချက်ပြုပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

